# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ တန်ခူးလဆန်း (၅) ရက် ၊ စနေနေ့ ၊ (25-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၂၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကျင်းပ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**နိုင်ငံသူနိုင်ငံသားများ ဝင်ငွေရှိမှသာလျှင် တိုင်းပြည်သာယာဝပြောမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် တိုင်းပြည်အတွင်း စားရေရိက္ခာထုတ်လုပ်မှု ကောင်းမွန်ရမည်ဖြစ်...**




ရတနာပုံ
၂၀၂၃ ခုနှစ် မတ် ၂၅ ရက်
အယ်ဒီတာ့အာဘော်

# အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများစွာ စုစည်းနေထိုင်သည့် နိုင်ငံဖြစ်သည်နှင့်အညီ ဒေသအသီးသီးမှ တိုင်းရင်းသားညီအစ်ကိုများ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များမှာ လွန်ခဲ့သောနှစ်ပေါင်း ရာထောင်မကသည့် ကာလများစွာကပင် ပေါ်ကွယ်ဝစွာတည်ရှိခဲ့သည်။ ထိုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ မေ့မှိန်ပျောက်ကွယ်မသွားစေရန်နှင့် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ကြရမည်ဖြစ်သည်။

လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဆိုသည်မှာ ထိုလူမျိုးတို့မွေးဖွားချိန်မှ သေဆုံးချိန်ထိ ပြုလုပ်သုံးစွဲခဲ့သော ပစ္စည်းများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ ယုံကြည်ကိုးကွယ်မှုများ၊ ဘာသာစကားများ၊ ရိုးရာဓလေ့ထုံးစံများ၊ လက်မှုအနုပညာနှင့် သုခုမပညာများ လွှမ်းခြုံထားခြင်းပင်ဖြစ်သည်။

ဒြပ်မဲ့ယဉ်ကျေးမှုဆိုသည်မှာ ဘာသာစကား၊ နှုတ်ပြောအစဉ်အလာဖော်ပြချက်များ၊ ဖျော်ဖြေတင်ဆက်မှုအနုပညာများ၊ လူမှုထုံးတမ်းအစဉ်အလာများ၊ ပွဲလမ်းသဘင်များ၊ စကြဝဠာတို့နှင့် သက်ဆိုင်သည့် အသိပညာနှင့် ထုံးစံများ၊ ရိုးရာလက်မှုပညာများ စသည်တို့ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ရန်၊ အလေးထားတန်ဖိုးထားရန်၊ ထိန်းသိမ်းမြှင့်တင်အားပေးရန်၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် ယူနက်စကို၏ ၂၀၀၃ ခုနှစ် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပဋိညာဉ်စာချုပ်ကို ၂၀၁၄ ခုနှစ် မေ ၇ ရက်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ မြန်မာတိုင်းရင်းသားများသည် လွန်ခဲ့သောနှစ်ပေါင်း ထောင်ကျော် သမိုင်းတစ်ခေတ်မှစ၍ ယနေ့တိုင်အောင် ကိုယ်ပိုင်အက္ခရာစာပေအရေးအသား၊ ကိုယ်ပိုင်ဘာသာစကား၊ ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံများကို ဘိုးဘွားအစဉ်အဆက် လက်ဆင့်ကမ်းထိန်းသိမ်းခဲ့သည်။ ထိုသို့ နှစ်ကာလရာထောင်ကျော်ကြာမြင့်နေပြီဖြစ်သည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ မေ့မှိန်ပျောက်ကွယ်မသွားစေရန်နှင့် ရေရှည်တည်တံ့စေရန် နိုင်ငံသားတိုင်း တာဝန်သိစိတ်ဖြင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည်။

ဒေသအသီးသီးတွင်ရှိသည့် တစ်မူထူးခြားသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့စေရန် ထိန်းသိမ်းစောင့်ရှောက်ရာတွင် အသွင်အပြင်လက္ခဏာ၊ မှတ်တမ်းမှတ်ရာများ စာရင်းပြုစုခြင်း၊ သုတေသနပြုစုခြင်း၊ စနစ်တကျစုဆောင်းမှတ်တမ်းပြုစုခြင်း၊ ကမ္ဘာကသိအောင် စာရင်းများ ထုတ်ပြန်ခြင်း၊ ကာကွယ်ထိန်းသိမ်းမှုများ ဆောင်ရွက်ခြင်း၊ ပျောက်ကွယ်သွားခြင်းမရှိအောင် ထိန်းသိမ်းမြှင့်တင်ပေးခြင်း၊ ထောက်ပံ့ကူညီပေးခြင်း၊ မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းရန် ပံ့ပိုးကူညီခြင်း စသည်တို့ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ရန် မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးကော်မတီနှင့်အဖွဲ့ဝင်များနှင့်အတူ ဆက်စပ်ဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ NGO များ၊ ဝါသနာရှင်များနှင့် ပြည်သူလူထုကပါ ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်သည်။

သို့ဖြစ်ရာ တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များကို ခေတ်အဆက်ဆက် သမိုင်းပညာရှင်များ၊ စာပေပညာရှင်များ၊ သုတေသီများ၊ အုပ်ချုပ်သူများနှင့် ပြည်သူများက သူ့ခေတ်သူ့အခါ၊ သူ့နည်းသူ့ဟန်နှင့် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသကဲ့သို့ မျိုးဆက်သစ်တိုင်းရင်းသားညီအစ်ကိုများကလည်း အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဧရာဝတီမြစ် မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်၌ ဧပြီလတွင် ရေလမ်းညွှန်အမှတ်အသား အခုရေ ၂၄၀ စိုက်ထူသွားမည်



**မန္တလေး မတ် ၂၄**

ဧရာဝတီမြစ် မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက်၌ ဧပြီလတွင် ရေလမ်းညွှန်အမှတ်အသား အခုရေ ၂၄၀ စိုက်ထူပြသသွားမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ဧရာဝတီမြစ် မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက် သင်္ဘောများသွားလာရာတွင် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် ဧပြီလတွင် ရေပေါ်ပြ ရေလမ်းညွှန်အမှတ်အသားအခုရေ ၁၄၀ နှင့် ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသား အခုရေ ၁၀၀ စုစုပေါင်း ရေလမ်းညွှန်အမှတ်အသားအခုရေ ၂၄၀ စိုက်ထူပြသပေးမည်ဖြစ်ကြောင်း သိရသည်။

"ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မန္တလေး-တကောင်း ရေလမ်းကြောင်းမှာ ရေယာဉ်တွေ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ဖို့ ဧပြီလမှာ ရေပေါ်ပြ၊ ကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားတွေ စိုက်ထူပြသပေးသွားမှာ ဖြစ်ပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလ ဖြစ်သောကြောင့် သောင်ထွန်းမှုများဖြစ်ပေါ်နေပြီး ရေလမ်းကြောင်း ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် မန္တလေး-တကောင်း ရေလမ်းကြောင်းတစ်လျှောက် သွားလာကြမည့် ရေယာဉ်များအနေဖြင့် သောင်တင်မှုများ မရှိစေရေးနှင့် ရေလမ်းကြောင်း မမှားစေရေးအတွက် ရေလမ်းညွှန်အမှတ်အသားများကို ဂရုပြုသွားလာကြရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး မတ် ၂၄**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း ကာလပေါက်ဈေးခေါ်ဈေးထက် ဈေးလျှော့ရောင်းချနေမှုများရှိသော်လည်း အရောင်းအဝယ်ဖြစ်မှု အလွန်နည်းပါးနေသေးကြောင်း၊ အရောင်းအဝယ်ပိုင်းသိသိသာသာ မြင့်တက်လာခြင်းမရှိသေးသော်လည်း တိုက်ခန်းဝယ်ယူမှုကို ပို၍စိတ်ဝင်စားလာကြကြောင်း အိမ်ခြံမြေ ဈေးကွက်အတွင်းမှ သိရသည်။

စိတ်ဝင်စားမှုမြင့်တက်နေသောတိုက်ခန်းများတွင် အရစ်ကျရောင်းချပေးသော တိုက်ခန်းများကိုသာ စိတ်ဝင်စားမှုရှိနေကြောင်း သိရသည်။

"အိမ်ခြံမြေအရောင်းအဝယ်က လက်ရှိအချိန်ထိ သိသိသာသာပြောင်းလဲမလာသေးဘူး။ အချို့နေရာတွေဆိုရင် ခေါ်ဈေးထက်ကို ဈေးလျှော့ရောင်းနေကြတာတောင် အဝယ်နည်းတယ်။ လက်ရှိအနေအထားမှာက ရောင်းချင်တာတွေ ပိုများနေတယ်။ ဒီနှစ်ထဲမှာ အိမ်ခြံမြေကဏ္ဍကို ပြည်ပရင်းနှီးမြှုပ်နှံမှုထက် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုသာ ရှိနေတော့ ထင်သလောက် ဖြစ်မလာသေးတာပါ။ တိုက်ခန်းတွေကိုတော့ စိတ်ဝင်စားလာကြတယ်"ဟု ပြည်ကြီးတံခွန်မြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဝင်းက ပြောပြသည်။

အငှားဈေးကွက်တွင် လူနေထိုင်မှုနှင့် ဆိုင်ခန်းဖွင့်လှစ်ရန်ကောင်းမွန်သည့် အဓိကလမ်းမကြီးများရှိ အဆောက်အအုံပါ နေရာများ၊ ဈေး၊ ကျောင်းနှားနီးသောအနီးဝန်းကျင်ရပ်ကွက်များ၊ ၈၄ လမ်း၊ ၃၅ လမ်း၊ ၆၂ လမ်း၊ ၇၈ လမ်း၊ လမ်း ၃၀၊ မနော်ဟရီနှင့် သိပ္ပံလမ်းရှိ မြေကွက်များ၊ မန္တလေးတက္ကသိုလ်အနီးဝန်းကျင်နှင့် ဆေးတက္ကသိုလ်အနီးဝန်းကျင်ရပ်ကွက်များ၊ ဘုတာကြီးအနီး တိုက်ခန်းများ ပို၍အငှားလိုက်နေကြောင်း သိရသည်။

ထို့အတူ တန်ဖိုးနည်းအကွက်ရိုက်မြေကွက်များအပြင် တန်ဖိုးသင့် နေအိမ်ပါပြီး မြို့တွင်းပိုင်းမြေကွက်များလည်း မေးမြန်းဝယ်ယူမှု အနည်းငယ်ရှိလာပြီး အကွက်ရိုက်မြေကွက်များမှာ မြေတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းပေးချေပြီး ကျန်ငွေကို အရစ်ကျစနစ်ဖြင့် ရောင်းဝယ်နေခြင်းကြောင့် အမှန်တကယ်နေထိုင်လိုသူများ အများဆုံးဝယ်ယူနေကြကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက် မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ နှင့်အထက်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိလမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ နှင့်အထက်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ နှင့်အထက်ရှိကြောင်း ဦးဌေးဝင်းထံမှ သိရသည်။

(၁၇၃)

# မန္တလေး ဈေးကွက်အတွင်း ကြက်သွန်ဖြူ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိနေ

**မန္တလေး မတ် ၂၄**

မန္တလေး ဈေးကွက်အတွင်း ကြက်သွန်ဖြူ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းဈေးကွက်တွင် ယခုအခါ ကြက်သွန်ဖြူ အရောင်းအဝယ် ကောင်းမွန်သည့်အပြင် ဈေးကောင်းလည်းရရှိနေကြောင်း၊ ထို့ပြင် မန္တလေးဈေးကွက်အတွင်း ကြက်သွန်ဖြူ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် တစ်ပိဿာလျှင် ငွေကျပ် ၅၂၀၀ ခန့်ထိ ပေါက်ဈေးရှိနေကြောင်းသိရသည်။

"အခု မန္တလေးဈေးကွက်ထဲမှာ ကြက်သွန်ဖြူတွေကို ကုန်သည်တွေအနေနဲ့ အဝယ်တော်တော်များလာတယ်။ အခုကာလမှာ ကြက်သွန်ဖြူအဝယ်လိုက်လာတာကြောင့် မန္တလေးဈေးကွက်ထဲမှာ ချက်ချင်းဆိုသလို ဈေးကောင်းပြန်ရလာပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

ပြည်တွင်းဈေးကွက်၌ မတ်လပထမပတ်က ကြက်သွန်ဖြူ အဝယ်မလိုက်သောကြောင့် မန္တလေးဈေးကွက်အတွင်း ကြက်သွန်ဖြူဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ခန့်သာ ရှိခဲ့သော်လည်း ယခုအခါ အရောင်းအဝယ်ကောင်းမွန်လာသောကြောင့် မတ် ၂၃ ရက် ပေါက်ဈေးအရ ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၅၂၀၀ ခန့်ထိ ရှိလာပြီး ဈေးကောင်းပြန်ရလာကြောင်း သိရသည်။

"အခုလတ်တလော မြင်းခြံနဲ့ မိတ္ထီလာကနေ မန္တလေးကိုတင်ပို့တဲ့ကြက်သွန်ဖြူတွေကို ရန်ကုန်နဲ့ အခြားမြို့ကြီးတွေကိုလဲ ပြန်ပြီး တင်ပို့နေရပါတယ်။ လတ်တလော ကြက်သွန်ဖြူအသစ်တွေလဲ လက်ကျန်နည်းနေတော့ ဈေးကောင်းပြန်ရလာတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဒက္ခိဏသီရိမြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**နေပြည်တော် မတ် ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော်ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးတင်မောင်အေး၊ လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးတင့်၊ ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့နိုင်နှင့် တာဝန်ရှိသူများက ဆည်စုကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ တွင်းနက်တူးဖော်ခြင်း၊ အိမ်သွယ်ရေတိုင်တပ်ဆင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်မှု၊ ကျားကူးအရှေ့ကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၄၀၀ ရှိ တွင်းနက်တူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)က လုပ်ငန်းများရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဆည်စုကျေးရွာနှင့် ကျားကူးအရှေ့ကျေးရွာတို့၌ အဆိုပါရေရရှိရေးလုပ်ငန်းများကို နေပြည်တော်ကောင်စီရန်ပုံငွေကျပ် ၅ ဒသမ ၉၄ သန်းအသုံးပြု၍ တင်ဒါအောင်မြင်သည့် ဟိန်းမင်းထွဋ်ကုမ္ပဏီက ၂၀၂၂ ခုနှစ် နိုဝင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် နွေရာသီရေရှားပါးမှုပြဿနာများပြေလည်၍ သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေးရရှိနေပြီဖြစ်ကြောင်း ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့နိုင်က ပြောပြ၍ သိရသည်။

**ရှိုးသန်းညွန့်**

# သာစည်မြို့နယ် သစ်စီးရေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာစည် မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်စီးရေကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ်ထုတ်ချေးခြင်းကို မတ် ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သစ်စီးရေကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၅ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၁၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ယခုနှစ် ဖေဖော်ဝါရီလတွင် တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂ သန်းကျော် ဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် မတ် ၂၄**

ယခုနှစ် ဖေဖော်ဝါရီလတွင် တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂ သန်းကျော် ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသတင်းများအရ သိရသည်။

တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံနှင့်နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခု ဖြစ်ကြောင်း သိရသည်။

မြန်မာ-ထိုင်းနယ်စပ်ဒေသများတွင် ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်၊ ထီးခီး၊ မော်တောင်နှင့် မယ်စဲ့ စသည့်နယ်စပ်ကုန်သွယ်ရေးစခန်း ခုနစ်ခုဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ တာချီလိတ်နယ်စပ်ကုန်သွယ်ရေး စခန်းသည် တတိယမြောက်ကုန်သွယ်မှုပမာဏ အများဆုံး ဆောင်ရွက်နိုင်သည့် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီလတွင် တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန် အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၆၈ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၀၅ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅၇၃ သန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းသည် ဖေဖော်ဝါရီလတွင် ပို့ကုန်ကဏ္ဍမှ ရေထွက်ပစ္စည်း၊ အခြားပစ္စည်း၊ လယ်ယာထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်းနှင့် စက်မှုကုန်ချောပစ္စည်းများကိုတင်ပို့ရောင်းချပေးခဲ့ပြီး သွင်းကုန်ကဏ္ဍတွင် လူသုံးကုန်ပစ္စည်း၊ ရင်းနှီးမြှုပ်နှံမှုပစ္စည်းနှင့် လုပ်ငန်းသုံးကုန်ပစ္စည်းတို့တင်သွင်းခဲ့ကြောင်း သိရသည်။

SKL

# နတ်မောက်မြို့နယ် လ/တံခွန်တိုင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်း စစ်ဆေး

**နတ်မောက် မတ် ၂၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လ/တံခွန်တိုင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မတ် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းသူရနှင့် ဝန်ထမ်းများက လ/တံခွန်တိုင်ကျေးရွာကော်မတီဝင်များ၏ ငွေစာရင်းဖြည့်သွင်းထားရှိမှု၊ စာရင်းဇယားထိန်းသိမ်းမှုများနှင့် စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

နတ်မောက်မြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ဆောင်ရွက်ခဲ့ရာ ယခုအခါ လ/တံခွန်တိုင်ကျေးရွာ၌ ငွေကျပ် သန်း ၃၀ဖြင့် အိမ်ထောင်စု ၁၃၂ စုက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့်အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သော်သော်**

# တောင်သာမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းလေးကြိမ် အခမဲ့ဖွင့်လှစ်မည်

**တောင်သာ မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေ ပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းလေးကြိမ် အခမဲ့ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးက ပြောပြသည်။

အဆိုပါသင်တန်းသည် ကျေးလက်နေပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်ပြီး ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ လာမည့်ဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းများအတွက် ငွေကျပ် ငါးသန်းအကုန်အကျခံ၍ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ၎င်းသင်တန်းများမှာ GAHP သင်တန်းနှစ်ကြိမ်၊ သံဂဟေဆက်သင်တန်းတစ်ကြိမ်၊ လျှပ်စစ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းတစ်ကြိမ် စုစုပေါင်း သင်တန်းလေးကြိမ်ကို အခမဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ဘဏ္ဍာနှစ်မှာ ကျေးလက်နေပြည်သူတွေအတွက် အခြေခံကျတဲ့အသက်မွေးဝမ်းကျောင်းပညာရပ်တွေကို သင်ကြားပေးသွားမှာပါ။ သင်ကြားပေးတဲ့အခါမှာလဲ မိတ်ဖက်ဌာနတွေနဲ့ပူးပေါင်းပြီး ဖွင့်လှစ်ပေးသွားမှာပါ။ အခြေခံကျတဲ့ ပညာရပ်တွေ သင်ကြားပေးတာကြောင့် ကျေးလက်နေပြည်သူတွေ မိသားစုနဲ့ အိုးမကွာ၊ အိမ်မကွာပဲ တစ်နိုင်တစ်ပိုင်လုပ်ငန်းတွေကို ဆောင်ရွက်နိုင်မှာပါ"ဟု တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးက ပြောပြသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အဆိုပါသင်တန်းများဖွင့်လှစ်ရာတွင် စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ကျေးလက်နေပြည်သူများ ကျွမ်းကျင်တတ်မြောက်သည်ထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၈၅)



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၇၇)

## ကြည်လွင်မြင့်(မုံရွာ)

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော့်အသက် ၄၀ ကျော် အရောင်းအဝယ်လုပ်သူ တစ်ယောက်ပါ။ မကြာခဏ ခရီးသွားရပါတယ်။ အိမ်မှာ အစားအသောက်စားရင် ဘာမှမဖြစ်ဘဲခရီးသွားတဲ့အခါ ပြင်ပအစားအသောက်တွေ စားမိတဲ့အခါ ဝမ်းဗောဝမ်းရောင်ဖြစ်ပြီး လေနဲ့ ဝမ်းမကျွဲသလိုဖြစ်ပါတယ်။ အထူးသဖြင့် အပူအစပ်တွေ စားမိရင် ဗိုက်နာပြီး လေဝမ်းမကျွဲဖြစ်ပါတယ်။ အဲဒါဘယ်လို ဆင်ခြင်နေထိုင်ရမယ်၊ ဘာဆေးတွေ စားရမယ်ဆိုတာ ညွှန်ပြပေးပါခင်ဗျာ။**

ဖြေ ။ ။ အစာအိမ်မှာ အချဉ်ပေါက်တဲ့ရောဂါ အခံရှိနေလို့ပါ။ အပူအစပ်လက်လုပ်ချဉ်တွေ အထူးသဖြင့် ရှောင်ကြဉ်ရပါမယ်။ အစားအသောက်ကို ပူပူနွေးနွေးစားရင် အစာအိမ်အချဉ်ပေါက်တာကနေ ကာကွယ်ပါတယ်။ အစာစားနေရင် အအေးသောက်တာ၊ ရေအေးသောက်တာ မလုပ်ပါနဲ့။ ရေနွေး ဒါမှမဟုတ် ရေနွေးကြမ်း အဖန်ရည်သောက်ပြီး ထမင်းစားတာကောင်းပါတယ်။ လမ်းခရီးမှာ အစားအသောက်စားရင် သန့်ရှင်းမှု အလွန်နည်းတဲ့အတွက် ကိုယ့်အိမ်က အစားအသောက်ကို ထည့်ယူသွားတာ ပိုကောင်းပါတယ်။ ညဉ့်အိပ်ညဉ့်နေ ခရီးဖြစ်လို့ယူသွားဖို့ အဆင်မပြေရင်စားတဲ့ အချိန်မှ ချက်ချင်းကြော်လှော်ချက်ပြုတ်ပေးတဲ့ဆိုင်မျိုးမှာပဲစားပါ။ ပူပူနွေးနွေးစားပါ။ အစပ်၊ အချဉ်တွေရှောင်စားပါ။ ကိုယ်စားနေကျမဟုတ်တဲ့ အစာမျိုးကို မစားပါနဲ့။ ဝမ်းပျက်ဝမ်းလျှောဖြစ်တတ်ပါတယ်။ အစာမသန့်တဲ့အခါ အစာအိမ်အချဉ်ပေါက်လို့ လေဝမ်းမကျွဲတာနဲ့ အစာမသန့်လို့ ဝမ်းကိုက်ပိုး၊ ဝမ်းလျှောရောဂါပိုးတွေပါပြီး ဗိုက်နာတာ နှစ်မျိုးစလုံးဖြစ်နိုင်ပါတယ်။ လေဝမ်းမကျွဲ ဗိုက်နာတဲ့အခါ အရေးပေါ်အဖြစ်အောက်ပါနည်းလမ်းတွေကို အသုံးပြုပါ။

၁။ ရေနွေးကြမ်းအဖန်ရည် မတ်ခွက်တစ်လုံးစာမှာ သကြားဟင်းစားဇွန်း သုံးဇွန်း၊ ဆားလှော်ကော်ဖီဇွန်းငယ် တစ်ဇွန်း ရောစပ်ပြီးသောက်ပါ။

၂။ ကောက်ညှင်းဆန်ကို ဆားအနည်းငယ်ရောပြီး ဒယ်အိုးနဲ့ နီအောင်လှော်ပြီးနောက် ဆန်ကိုအမှုန့်ထောင်းပြီး ရေအေးနဲ့စိမ်ထားပါ။ အနည်ထိုင်သွားရင် အပေါ်ရည်ကြည်ကို ရေငတ်တိုင်းသောက်ပေးပါ။ ရှေးဆေးကျမ်းတွေလာ ရေငတ်ဝမ်းကျ ခေါ် အပူဝမ်းပျက်ရောဂါကို သက်သာပျောက်ကင်းစေတဲ့နည်းဖြစ်ပါတယ်။

၃။ လေဝမ်းမကျွဲ ဝမ်းဗိုက်ရစ်နာ၊ ဗိုက်ထဲကလှိုင်းထပြီး ရစ်တဲ့အနာ(ပင်လယ်အူနာ)ဖြစ်ရင် ရှေးနည်းမှာ မီးဖိုချောင်အတွင်း မှောက်ထားတဲ့ ကျပ်ခိုးစွဲနေတဲ့ မြေအိုးမှာ နနွင်းမှုန့်နဲ့ ဆားကိုထည့်ပြီး မီးအပူပေးလှော်ထားပါ။ အဲဒီနနွင်းနဲ့ ဆားလှော်ကို ရေနွေးမှာထည့်ဖျော်ပြီး တိုက်ပေးရင် ဝမ်းဗိုက်နာရောဂါတွေ ပျောက်ကင်းစေနိုင်ပါတယ်။

၄။ လေဝမ်းမကျွဲ ဝမ်းဗိုက်ရစ်နာနေသူကို သရက်သီးစေ့အတွင်းက အဆန်ကိုကြိတ်ပြီး သကြားအနည်းငယ်ထည့် ဆားအနည်းငယ်ရောကျွေးပါ။

၅။ ပိန္နဲသီးအစေ့ကို ဆားအနည်းငယ်နဲ့ ရောပြုတ်ပြီး ရတဲ့အရည်ကို တိုက်ပေးရင် လေဝမ်းမကျွဲတဲ့ရောဂါ ပျောက်ကင်းစေနိုင်ပါတယ်။

၆။ ဝမ်းလျှောတဲ့အကြိမ်များပြီး ကြွက်တက်ရင် ငှက်ပျောပင်ရဲ့ အူတိုင်ကိုအရည်ညှစ်ယူပြီး ဆားလှော်အနည်းငယ်နဲ့ ရောစပ်ပြီးတိုက်ပေးပါ။

၇။ သကြား၊ ဆားလှော်၊ နနွင်း သုံးမျိုးကို ရေနွေးဆူဆူမှာထည့်ဖျော်ပြီး တိုက်ကျွေးရင် ဝမ်းလျှောပြီး ကြွက်တက်တဲ့ရောဂါကို သက်သာစေပါတယ်။

၈။ ဝမ်းပျက်ပြီးနောက် ဝမ်းကိုက်ရောဂါဖြစ်ပြီး ဝမ်းတွင်း သွေးစပါရင် မာလကာရွက်ကို သကြား၊ ဆားသင့်ရုံရောပြုတ်ပြီး တိုက်ကျွေးပေးပါ။



ဆေးဖက်ဝင် ဆေးခါးကြီးပင်ကို တွေ့ရစဉ်။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော်သစ်တောဝန်ထမ်းဟောင်း တစ်ယောက်ပါ။ အသက် ၅၀ ကျော်ပါပြီ။ သစ်တောတာဝန်ထမ်းဆောင်ရင်း လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က ငှက်ဖျားရောဂါရခဲ့ပါတယ်။ ငှက်ဖျားဆေးပြင်းတာတွေ စားသုံးဖူးပြီး သွေးနီဥအားနည်းတဲ့အတွက် ဆေးရုံလဲ တက်ဖူးပါတယ်။ အခုအချိန်ထိ မိုးအေးတဲ့ရာသီတွေမှာ အစန့်မသင့်ရင် အဖျားပြန်တက်ပါတယ်။ ဖျားတဲ့အခါ ချမ်းတုန်ပြီးဖျားပါတယ်။ ကျွန်တော်သိလိုတာက တိုင်းရင်းဆေးပညာမှာ ငှက်ဖျားကုထုံးတွေရှိပါသလား။ ငှက်ဖျားပျောက်ကင်းစေနိုင်တဲ့ ဆေးနည်းတွေရှိရင်လဲ ပြန်လည် မျှဝေပေးစေလိုပါတယ်။ နောက်တစ်ခုက စိမ့်ရေစမ်းရေသောက်ရင် ငှက်ဖျားရောဂါဖြစ်တယ်ဆိုတာ မှန်ပါသလား။ ငှက်ဖျားရောဂါရှိသူတွေ ကုသပျောက်ကင်းပြီး နောက်မှာတောင် ရခိုင်ငှက်ပျောသီး၊ တောငှက်ပျောသီး စားရင် ငှက်ဖျားပြန်ထတယ်ဆိုတာ မှန်ပါသလားဆရာ။ ဖြေကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ ငှက်ဖျားရောဂါဟာ Malaria ခြင်ကရတဲ့ကူးစက်ရောဂါဖြစ်ပြီး ပလပ်စမိုးဒီးယမ်မျိုးစုရဲ့ ယူကရောတစ်၊ ပရိုတစ်ကြောင့် ရောဂါဖြစ်ရတာပါ။ နှစ်စဉ်နှစ်တိုင်း ငှက်ဖျားရောဂါဖြစ်ပွားမှုဟာ ဦးရေ သန်း ၃၅၀ ကနေ သန်း ၅၀၀ လောက်ရှိပြီး ရောဂါကြောင့် သေဆုံးသူဦးရေမှာ တစ်သန်းကနေ သုံးသန်းကြားမှာ ရှိပါတယ်။ သေဆုံးသူအများစုမှာ အာဖရိကတိုက်၊ ဆာဟာရဒေသငယ်အတွင်းက ကလေးငယ်တွေဖြစ်ပါတယ်။ အာဖရိကတိုက် ဆာဟာရဒေသမှာ ငှက်ဖျားရောဂါကြောင့် သေဆုံးသူ ၉၀ ရာခိုင်နှုန်းရှိပါတယ်။ ငှက်ဖျားရောဂါဟာ သာမန်အားဖြင့် ဆင်းရဲတာနဲ့ ဆက်နွယ်နေပါတယ်။ ဆင်းရဲတာနဲ့ စီးပွားရေးဖွံ့ဖြိုးမှု အဟန့်အတားကြောင့်လဲ ငှက်ဖျားရောဂါဖြစ်ပွားပါတယ်။ ခြင်ကိုက်ပြီး ကူးစက်တဲ့ ပလပ်စမိုးဒီးယမ်းကပ်ပါး မျိုးစေ့ ငါးခုကြောင့် လူမှာငှက်ဖျားရောဂါဖြစ်ရပါတယ်။ အပြင်းထန်ဆုံးငှက်ဖျားရောဂါဟာ ပလပ်စမိုးဒီးယမ်းဖယ်စီပါရမ်ကြောင့် ဖြစ်ပွားတယ်လို့ ဆိုပါတယ်။

ပလပ်စမိုးဒီးယမ်းဗိုင်းရပ်၊ ပလပ်စမိုးဒီးယမ်းအိုဗေးနဲ့ ပလပ်စမိုးဒီးယမ်းမလေးဒီးယားတို့က လူကို ငှက်ဖျားရောဂါအပျော့စားဖြစ်စေနိုင်ပေမဲ့ လူကိုသေစေလောက်တဲ့ထိမဖြစ်နိုင်ပါ။ ငါးခုမြောက် မျိုးစိတ်ဖြစ်တဲ့ ပလပ်စမိုးဒီးယမ်းနိုလပ်စီက တိရစ္ဆာန်ကနေ လူကိုကူးစက်တဲ့ မျိုးစိတ်ဖြစ်ပြီး မျောက်တွေမှာ ငှက်ဖျားရောဂါဖြစ်စေကာ လူကိုပါကူးစက်နိုင်ပါတယ်။ ငှက်ဖျားရောဂါက သဘာဝအားဖြင့် အနိုဖိလီး ခြင်အမကိုက်လို့ ရောဂါရရှိတာဖြစ်ပါတယ်။ ငှက်ဖျားရောဂါရှိသူကို ခြင်ကိုက်တဲ့အခါ ခြင်စုပ်ယူလိုက်တဲ့ သွေးပမာဏအနည်းငယ်မှာ ငှက်ဖျားကပ်ပိုး ပါရှိသွားပါတယ်။ အဲဒီရောဂါပိုးက ခြင်ထဲမှာ ဆက်လက်ကြီးထွားနေပြီးနောက် တစ်ပတ်အကြာ သွေးဆာပြီး အခြားရောဂါမရှိသူကို ကိုက်လိုက်တဲ့အခါ ခြင်ရဲ့တံတွေးကတစ်ဆင့် ရောဂါပိုးဝင်ရောက်သွားပါတယ်။ ဝင်ရောက်ပြီး နှစ်ပတ်ကနေ လပေါင်းများစွာ(တစ်ခါတစ်ရံနှစ်များစွာ) ကြာမှ လူရဲ့အသည်းမှာ နေထိုင်ပြီး ငှက်ဖျားရောဂါကပ်ပါးပိုးက လူရဲ့သွေးနီဥအတွင်း စတင်ပြီး အကောင်ရေပွားလာပါတယ်။ အဲဒီလိုပွားတာကြောင့် ဖျားနာတာနဲ့ ခေါင်းကိုက်တာ စတဲ့ ရောဂါလက္ခဏာတွေဖြစ်လာပါတယ်။ ဆေးဝါးသေချာမကုသနိုင်ရင် အခြေအနေဆိုးရွားလာပြီး ဦးနှောက်ဆီကို ငှက်ဖျားပိုးရောက်ရှိကာ မေ့မြောတာနဲ့ သေဆုံးတဲ့ထိဖြစ်နိုင်ပါတယ်။

အထက်ပါ လေ့လာတွေ့ရှိချက်တွေကြောင့် ငှက်ဖျားရောဂါက စိမ့်ရေစမ်းရေသောက်သုံးပြီး ရရှိလာတဲ့ရောဂါမျိုး မဟုတ်ပါ။ နှစ်ပေါင်းများစွာကြာမှ ဦးနှောက်ထဲကို ငှက်ဖျားပိုးရောက်ပြီး တစ်ကျော့ပြန် ငှက်ဖျားရောဂါဖြစ်စေနိုင်လို့ ရခိုင်ငှက်ပျောသီး၊ တောငှက်ပျောသီးတွေ စားမိချိန်နဲ့တိုက်ဆိုင်ရင်အထင်လွဲမှားစေနိုင်ပါတယ်။ ငှက်ဖျားရောဂါက တိုင်းရင်းဆေးပညာအလိုအရ ချမ်းတုန်ပြီး တက်ဖျား၊ ကျဖျား ဖျားတဲ့ရောဂါမျိုးဖြစ်ပါတယ်။ ဥဏှတေဇော(ပူ၍ဖျားခြင်း)နဲ့ သီတတေဇော(အေး၍ဖျားခြင်း) နှစ်မျိုးစလုံး တစ်ပြိုင်တည်းဖြစ်တတ်တဲ့ အဖျားမျိုးဖြစ်ပါတယ်။ အဖျားဆေး၊ ကိုယ်ပူကျဆေးတွေအပြင် ငန်းဆေး၊ မန်းဆေးတွေပါပေးပြီး ကုသရတဲ့ အဖျားမျိုးဖြစ်ပါတယ်။

**ငှက်ဖျားဆေးနည်းများ**

၁။ အဖျားတက်ချိန်မှာ ငရုတ်ကောင်းစေ့ကို တစ်စေ့ချင်းရေနဲ့မျိုချပါ။

၂။ ရှမ်းဆေးခါး ခေါ် ဆေးခါးကြီးပြုတ်ရည်ကို အကြမ်းပန်းကန်တစ်လုံးစာ တစ်နေ့နှစ်ကြိမ် မနက်၊ ည ၁၄ ရက်သောက်ပါ။

၃။ ကြက်အမြစ်ကို ခွေးတောက်ရွက်နဲ့ ကြော်စားပါ။

၄။ ဝက်ဝံသည်းခြေကို ရှိန်းခိုနဲ့ရောပြီး ရွှေစေ့ခန့်လုံး၊ အခြောက်လှန်းပြီး အရက်ဦးရည်နဲ့ သောက်ရင် နှစ်ရှည်ငှက်ဖျား ပျောက်ပါတယ်။

၅။ စပါးကြီးသည်းခြေကို အရက်နဲ့စိမ်ပြီး နေ့စဉ် အကြမ်းပန်းကန်တစ်လုံးစာ သောက်ပေးရင် နှစ်ရှည်ဖြစ်ခဲ့တဲ့ ငှက်ဖျားရောဂါပျောက်ကင်းစေပါတယ်။

၆။ ဝက်ဝံသည်းခြေကို ပျားရည်မှာစိမ်ပြီး ဟင်းစားဇွန်း တစ်ဇွန်းစာ မနက်၊ ည နှစ်ကြိမ်ပုံမှန်စွဲပြီး သောက်ပေးပါ။

၇။ ဗေဒါပင်ကို နုပ်နုပ်စဉ်းပြီး ဝက်သားနဲ့ ချက်စားရင် ငှက်ဖျားရောဂါပျောက်တယ်လို့ဆိုပါတယ်။

၈။ ကြက်သားဟင်းမှာ ရှိန်းခိုထည့်ချက်စားပါ။

၉။ မဲဒီးတုပ် ခေါ် ဒေါနရွှေဝါပင်ကို ထန်းလျက်နဲ့ရောပြီး ကျိုသောက်ရင် ချမ်းတုန်ပြီးဖျားတဲ့ ငှက်ဖျားရောဂါပျောက်ကင်းစေပါတယ်။

၁၀။ သဲသောင်ခုံမှာပေါက်တဲ့ ဟင်းဂလာအရိုင်းပင်ကို သုံးခွက်တစ်ခွက်တင် ကျိုသောက်ရင် ချမ်းတုန်ပြီးဖျားတဲ့ငှက်ဖျားရောဂါပျောက်ကင်းစေနိုင်ပါတယ်။

၁၁။ ရဲယိုသီးအမှည့်ကို ထန်းဖိုထန်းလျက်(ထန်းလျက်အမည်း)နဲ့ ယိုထိုးစားပါ။

၁၂။ ဂုံခါးကိုအမှုန့်ပြုလုပ်ပြီး ထမင်းစားပြီးတိုင်းအနည်းငယ်လျက်စားပါ။

၁၃။ ရှိန်းခိုကို လက်သန်း တစ်ဆစ်လောက်နေ့စဉ်မျိုချပေးခြင်းဖြင့် ရှီးမငှက် ခေါ် တောတောင်ကရရှိတဲ့ ငှက်ဖျားမျိုးကို ပျောက်ကင်းစေနိုင်ပါတယ်။

၁၄။ စပါးလင်အမြစ်ကိုထုထောင်းပြီး ရရှိတဲ့အရည်ကို အရက်နဲ့ရောသောက်ရင် ချမ်းတုန်ဖျား၊ ငှက်ဖျားရောဂါတွေ ပျောက်ကင်းစေနိုင်ပါတယ်။

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ငှက်ကလေး ကိုယ်

\- အပြန်မခက်ချင်လို့
ဆန်တက်မယ် မရည်ရွယ်လဲ
မိုးတိမ်ဝယ် ကိုယ်ဟန်ကြွေ့ရယ်နဲ့
ခပ်သော့သော့ ပျံခဲ့သူ။

\- နေပူထဲပေမင့်
နေရဲသည် ဘာသာပေါ့
ခိုစရာ ရိပ်ညိုတွေ့လျှင်လဲ
ချိုသာသာ စိတ်အလိုမွေ့ချင်ရဲ့
တောလေ့ ငယ်မူ။

\- "တောင်မြိုင်ချောင် စခန်းမွေ့တစ်လျှောက်ဆီက
မောနိုင်ပေါင် စမ်းရေသောက်မယ်လို့
ချွေးပေါက်ကယ် ဝေဝေဖြာနဲ့
ဖွေရှာစဉ် ငယ်ဘဝကိုဖြင့်
တမ်းတကာ မှတ်မိသေးရဲ့လား"
အမေး သည်လိုဆိုတော့
ကို့ . . . ချစ်ဆွေ အမြင်လွဲပြီထင့်
ရင်ထဲက အသည်းမူ
ဖြူပါဘိ စဉ်အမြဲ။

\- ငှက်ကလေး ကိုယ်
အမြွက်တေး ချိုချိုနဲ့
ပျံလိုရာ ပျံနေလိုက်ချင်လဲ
အခိုက်ကယ် မသာချေတော့
ဝလာဗွေ အာကာနန်းဆီလဲ
ခါတလေ ပျံကာသန်းရပေမပေါ့
ငြိမ်းချမ်း စိုပြည်တဲ့
အမိမြေ လွမ်းနေသာပေမင့်
ကံထားရာ ကိုယ် နေလို့
ကံစေရာ တောင်ပံခတ်ရတယ်
ငြင်းတတ်နိုင်ပဲ။ ။

**မြင်းမူမောင်နိုင်မိုး**

## စစ်ကိုင်းတိုင်းဒေသကြီးတွင် နွေစပါးကေ ၅၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**မုံရွာ မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးတွင် နွေစပါးကေ ၅၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် နွေစပါးကေ ၃၄၈၀၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မတ်လပထမပတ်ကစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၄၅၂၅ ကေ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် စစ်ကိုင်းတိုင်းဒေသကြီးမှာ နွေစပါးကေ ၃၀၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၅၀၀၀၀ ကျော်စိုက်ပြီးပြီ။ ဆက်လက်လဲ စိုက်ပျိုးနေကြပါတယ်။ ဒီနှစ် နွေစပါးသီးနှံကေ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးသွားဖို့အတွက် ဆောင်ရွက်နေပါတယ်။ နွေစပါးအထွက်နှုန်းကောင်းဖို့၊ အရည်အသွေးကောင်းတဲ့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲတတ်ဖို့ ဆောင်ရွက်ပေးနေတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

နွေစပါးစိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၇၈၂၃ ကေ၊ ကလေးခရိုင်တွင် ၂၆၃၄ ကေ၊ ခန္တီးခရိုင်တွင် ၃၅ ကေ၊ ဟုမ္မလင်းခရိုင်တွင် ၁၁၃၄၃ ကေ၊ ယင်းမာပင်ခရိုင်တွင် ၂၉၃ ကေ၊ ရွှေဘိုခရိုင်တွင် ၆၃ ကေ၊ စစ်ကိုင်းခရိုင်တွင် ၅၆၄၈ ကေ၊ ကသာခရိုင်တွင် ၂၂၄၄၆ ကေ၊ ကောလင်းခရိုင်တွင် ကေ ၄၂၄၀ ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် နွေစပါးစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၉၁၇၉ ကေ၊ ကလေးခရိုင်တွင် ၃၉၂၄ ကေ၊ တမူးခရိုင်တွင် ၈၇ ကေ၊ ခန္တီးခရိုင်တွင် ၃၅ ကေ၊ ဟုမ္မလင်းခရိုင်တွင် ၁၁၃၃၁ ကေ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၁၀ ကေ၊ မုံရွာခရိုင်တွင် ကေ ၁၂၁၀၊ ယင်းမာပင်ခရိုင်တွင် ၂၄၉၅ ကေ၊ ရွှေဘိုခရိုင်တွင်ကေ ၁၂၄၃၁၀၊ ရေဦးခရိုင်တွင် ကေ ၁၂၇၄၀၀၊ ကန့်ဘလူခရိုင်တွင် ၂၉၆၄၈ ကေ၊ စစ်ကိုင်းခရိုင်တွင် ၈၇၇၇ ကေ၊ ကသာခရိုင်တွင် ၂၃၂၉၄ ကေ၊ ကောလင်းခရိုင်တွင်ကေ ၆၃၀၀ ဖြစ်ကြောင်း သိရသည်။ (၂၀၆)



## မြန်အောင်မြို့နယ် စမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းများ စစ်ဆေး

**မြန်အောင် မတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် ကျေးရွာတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စမ်းကျေးရွာ၌ ငွေစာရင်းဖြည့်သွင်းထားရှိမှု၊ စာရင်းဇယားထိန်းသိမ်းမှုများနှင့် စီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နေကြာစိုက်ပျိုးဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ရေး၊ နေကြာစိုက်ခင်းများ အထွက်နှုန်းတိုးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

မြန်အောင်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို ယခုဘဏ္ဍာနှစ်မှစတင်၍ ကျေးရွာ ၁၀ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အနက် စမ်းကျေးရွာ၌ ငွေကျပ် ၁၀ သန်းဖြင့် အိမ်ထောင်စု ၄၂ စုတွင် ဆီထွက်သီးနှံ(နေကြာ)များ စိုက်ပျိုးလျက်ရှိကြောင်း မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်ထံမှ သိရသည်။ **သံသာ**

## ကံမမြို့နယ် ထုံးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကံမ မတ် ၂၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသဆင်းရဲမှုနှုန်းကို လျှော့ချနိုင်ရန်အတွက် ထုံးကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၂၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့် သဘောသဘာဝများကို ဆွေးနွေးပြောကြားပြီး အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၅၅ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများနှင့် ထုံးကြီးကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၈ ဦးကို ငွေကျပ် ၂၄ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၉ ဦးကိုငွေကျပ် ၂၀ ဒသမ ၂၅ သန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အထွေး**

# နိုင်ငံတကာ သတင်းများ

## ဟောင်ကောင်၌ ကုန်လှောင်ရုံတစ်ရုံမီးလောင်

**ဟောင်ကောင် မတ် ၂၄**

ဟောင်ကောင်မြို့ ကောင်းလွန်းခရိုင်အတွင်းရှိ ကုန်လှောင်ရုံတစ်ရုံ၌ ယနေ့တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးကိုထိန်းချုပ်ရေးအတွက် ဟောင်ကောင်မီးသတ်သမားများ ကြိုးစားနေရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ကုန်လှောင်ရုံမီးလောင်ကျွမ်းမှုကြောင့် အနီးဝန်းကျင် အဆောက်အအုံများ၌ နေထိုင်သူဦးရေ ၁၆၀၀ တို့ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာ ကုန်လှောင်ရုံကို တရုတ်အရင်းအမြစ်များအုပ်စုအမည်ရှိ ကုမ္ပဏီက ပိုင်ဆိုင်ပြီး ၎င်းကုန်လှောင်ရုံအတွင်း၌ မည်သည့်အရာများသိုလှောင်ထားသည်ကို မသိရသေးကြောင်း သိရသည်။

ကုန်လှောင်ရုံ မီးလောင်ကျွမ်းမှုကို ဟောင်ကောင်မီးသတ်တပ်ဖွဲ့က အဆင့်-၃ မီးလောင်မှုအဖြစ် သတ်မှတ်ထားသည်။

ဟောင်ကောင်မီးသတ်တပ်ဖွဲ့၏ အဆင့်သတ်မှတ်ချက်အရ အဆင့်-၅ မီးလောင်ကျွမ်းမှုသည် အပြင်းထန်ဆုံးဖြစ်ပြီး ကပ်ဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ရန်လိုအပ်သည်။

ကုန်လှောင်ရုံမီးလောင်ကျွမ်းမှုဖြစ်ပွားရခြင်း၏နောက်ခံအကြောင်းရင်းကို လက်ရှိအချိန်တွင် မသိရသေးသည်ဟု ဟောင်ကောင်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

KKO



## တရုတ်နိုင်ငံ၏၂၀၂၂ခုနှစ်မူကြိုကျောင်းသားအရေအတွက် ၁၅ နှစ်အတွင်း ပထမဆုံးအကြိမ် ကျဆင်း

**ပေကျင်း မတ် ၂၄**

တရုတ်နိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း မူကြိုကျောင်းတက်ကလေးအရေအတွက်မှာ ၁၅နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ကျဆင်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ၏ ၂၀၂၂ ခုနှစ် မူကြိုကျောင်းတက် ကလေးအရေအတွက်မှာ ၂၀၂၁ခုနှစ်နှင့်နှိုင်းယှဉ်ပါက ဦးရေ ၅၀၀၀ ကျော် ပိုနည်းခဲ့ရာ ၁၅ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် မူကြိုကျောင်းတက်ကလေးအရေအတွက် ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း တရုတ်ပညာရေးဝန်ကြီးဌာန၏ကိန်းဂဏန်းများကို ကိုးကား၍ ဟောင်ကောင်အခြေစိုက် မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံတစ်ဝန်းလုံး၌ မူကြိုတက်ရန် စာရင်းပေးသွင်းခဲ့ကြသော ကလေးစုစုပေါင်းဦးရေ ၂၈၉၂၀၀ ထိရှိခဲ့ကြောင်း တရုတ်ပညာရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

သို့သော် ၂၀၂၂ ခုနှစ် မူကြိုကျောင်းသားအရေအတွက်သည် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ဦးရေ ၅၀၀၀ ကျော်ပိုနည်းကြောင်း တရုတ် ပညာရေးဝန်ကြီးဌာန၏ အချက်အလက်များ၌ ဖော်ပြထားသည်။

လူဦးရေများပြားမှုကို ထိန်းချုပ်ရေးအတွက် တစ်အိမ်ထောင် ကလေးတစ်ဦး မူဝါဒကို နှစ်ပေါင်းများစွာ ကျင့်သုံးခဲ့သောတရုတ်နိုင်ငံသည် ယခုအခါလူဦးရေကျုံ့ဝင်မှုပြဿနာနှင့် ရင်ဆိုင်နေရသည်။

တရုတ်အစိုးရသည် လူဦးရေပြဿနာကို ဖြေရှင်းရေးအတွက် ၂၀၂၁ ခုနှစ်တွင် တစ်အိမ်ထောင် ကလေးတစ်ဦးမူဝါဒကို ရုပ်သိမ်း၍ တစ်အိမ်ထောင် ကလေးသုံးဦးထိ ယူခွင့်ပေးထားကြောင်း သိရသည်။

KKO

## သံရုံးများ ပြန်လည်ဖွင့်လှစ်ရေးအတွက် ဆီးရီးယားနှင့်ဆော်ဒီအာရေဗျတို့ သဘောတူထား



**ဒမတ်စကတ် မတ် ၂၄**

၁၀ နှစ်ကျော်ကြာ သံတမန်ဆက်ဆံရေးပြတ်တောက်နေခဲ့သည့် ဆီးရီးယားနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သည် သံရုံးများပြန်လည်ဖွင့်လှစ်ရန် သဘောတူထားသည်ဟု ရိုက်တာသတင်းဌာနက မတ် ၂၃ ရက်တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ဆော်ဒီအာရေဗျနှင့် အီရန်တို့ကြား သံတမန်ဆက်ဆံရေးပြန်လည်ထားရှိမှုဆိုင်ရာ သဘောတူညီချက်ရယူနိုင်ခဲ့ပြီးနောက်ပိုင်း ဆီးရီးယားနှင့် ဆော်ဒီတို့ကြား ထိတွေ့ဆက်သွယ်မှုများလည်း ပို၍အရှိန်ကောင်းလာကြောင်း ဆီးရီးယားအစိုးရသတင်းအရင်းအမြစ်များက ပြောကြားထားသည်။

သတင်း အရင်းအမြစ်များ၏ အဆိုအရ လက်ရှိအချိန်တွင် ဆော်ဒီအာရေဗျနှင့် ဆီးရီးယားနိုင်ငံတို့သည် သံရုံးများပြန်လည်ဖွင့်လှစ်ရေးအတွက် သဘောတူညီချက်ယူထားကြောင်း သိရသည်။

ထို့ပြင် ဆော်ဒီအာရေဗျနှင့် ဆီးရီးယားတို့သည် မွတ်စလင်များ၏ အိဒ်ပွဲတော်ပြီးဆုံးပြီးနောက် သံရုံးများ ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်နေကြောင်း သတင်းအရင်းအမြစ်များက ပြောကြားခဲ့သည်။

ဆီးရီးယားနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သည် ဆီးရီးယားပြည်တွင်းစစ် စတင်ချိန် ၂၀၁၁ ခုနှစ်မှစ၍ သံတမန်ဆက်ဆံရေး ပြတ်တောက်ခဲ့ရသည်။

ဆော်ဒီအာရေဗျ နိုင်ငံနှင့် သံတမန်ဆက်ဆံရေး ပြန်လည်ထားရှိခြင်းဖြင့် ဆီးရီးယားနိုင်ငံအတွက် အာရပ်အဖွဲ့ချုပ်၌ အဖွဲ့ဝင်အဖြစ် ပြန်လည်ပါဝင်ခွင့်ရရန် လမ်းစပွင့်လာမည်ဖြစ်ကြောင်း သိရသည်။

KKO

## အတိုက်အခံကွန်ဂရက်ပါတီခေါင်းဆောင် ရာဟူးလ်ဂန္ဒီကိုလွှတ်တော်အမတ် အရည်အချင်းမပြည့်မီသူအဖြစ် အိန္ဒိယလွှတ်တော် ကြေညာ

**ဒေလီ မတ် ၂၄**

အိန္ဒိယ လွှတ်တော်သည် အတိုက်အခံ ကွန်ဂရက်ပါတီခေါင်းဆောင် ရာဟူးလ်ဂန္ဒီကို လွှတ်တော်အမတ် အရည်အချင်းမပြည့်မီသူအဖြစ် ယနေ့တွင် ကြေညာခဲ့သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။

ရာဟူးလ်ဂန္ဒီအနေဖြင့် အိန္ဒိယအောက်လွှတ်တော်၏ လွှတ်တော်အမတ်တစ်ဦးအဖြစ် ဆက်လက်ရပ်တည်ရန် အရည်အချင်းမပြည့်မီကြောင်း ယနေ့လွှတ်တော်ကြေညာချက်၌ ဖော်ပြထားသည်။

ဂုဂျာရတ်ပြည်နယ် ဆူရက်မြို့တရားရုံးတစ်ရုံးက အသက် ၅၂ နှစ်အရွယ် ရာဟူးလ်ဂန္ဒီကို လက်ရှိဝန်ကြီးချုပ်အပေါ် အသရေဖျက်မှုစွဲချက်တစ်ရပ်ဖြင့် ထောင်ဒဏ်နှစ်နှစ်ချမှတ်ခဲ့ပြီးနောက် အိန္ဒိယအောက်လွှတ်တော်၏ အဆိုပါကြေညာချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ် မဲဆွယ်မိန့်ခွန်းတွင် ရာဟူးလ်ဂန္ဒီသည် လက်ရှိဝန်ကြီးချုပ် မိုဒီနှင့် အမည်ချင်းတူသော စီးပွားရေးသမားအချို့ကို သူခိုးများအဖြစ် ရည်ညွှန်းပြောကြားခဲ့သည်။

ဆူရက်တရားရုံးသည် ရာဟူးလ်ဂန္ဒီကို အသရေဖျက်မှုဖြင့် ထောင်ဒဏ်နှစ်နှစ် ပြစ်ဒဏ်ချမှတ်ခဲ့ပြီးနောက် အာမခံဖြင့် ချက်ချင်းပြန်လွှတ်ပေးခဲ့ပြီး ပြစ်ဒဏ်စတင်ခံစားရမည့်အချိန်ကို တစ်လဆိုင်းငံ့ပေးထားသည်။

ရာဟူးလ်ဂန္ဒီအနေဖြင့် တရားရုံး၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်နေပြီး ယနေ့တွင် လွှတ်တော်သို့ သွားရောက်ခဲ့ခြင်းမရှိသည်ဟု ကွန်ဂရက်ပါတီတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

KKO

## ချူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သည့် မောင်းသူမဲ့ရေငုပ်ယာဉ် မြောက်ကိုရီးယားစမ်းသပ်

**ပြုံယမ်း မတ် ၂၄**

မြောက်ကိုရီးယား နိုင်ငံသည် ချူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သော မောင်းသူမဲ့တိုက်ခိုက်ရေးရေငုပ်ယာဉ်တစ်စီးကို စမ်းသပ်ခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများ၏ အဆိုကိုကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ စမ်းသပ်မှုအတွင်း မောင်းသူမဲ့ရေငုပ်ယာဉ်သည် ရေအနက်မီတာ ၈၀ နှင့် မီတာ ၁၅၀ ကြားဆင်းသက်၍ ၅၉ နာရီကြာ လှုပ်ရှားမောင်းနှင်ခဲ့ပြီး စမ်းသပ်ဖောက်ခွဲမှု ပြုလုပ်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော် ကေစီအင်န်အေ သတင်းဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

မောင်းသူမဲ့တိုက်ခိုက်ရေးရေငုပ်ယာဉ်စမ်းသပ်မှုကို မတ် ၂၁ ရက်တွင် ကိုရီးယားကျွန်းဆွယ်အရှေ့ဘက်ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ကေစီအင်န်အေ သတင်းဌာန၏ အဆိုအရ သိရသည်။

ဟေးအီလ် (ဆူနာမီ) ဟူ၍ အမည်ပေးထားသော အဆိုပါ မောင်းသူမဲ့ တိုက်ခိုက်ရေးရေငုပ်ယာဉ်သည် ရန်သူရေပြင်များအတွင်း ထိုးဖောက်ဝင်ရောက်၍ တိုက်ခိုက်ရန်၊ ရေတပ်အုပ်စုများနှင့် ဆိပ်ကမ်းများကို ဖျက်ဆီးရန် ရည်ရွယ် တည်ဆောက်ထားသည့် လက်နက်ဖြစ်ကြောင်း ကေစီအင်န်အေသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် မတ် ၂၂ ရက်ကလည်း ကိုရီးယားကျွန်းဆွယ်အရှေ့ဘက်ကမ်းရိုးတန်းရေပြင်အတွင်းသို့ ခရုစ်ဒုံးကျည်လေးစင်း ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ခရုစ်ဒုံးကျည်များသည် အကွာအဝေးကီလိုမီတာ ၁၅၀၀ နှင့် ၁၈၀၀ ကြား ပျံသန်းခဲ့သည်ဟု ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

## ယူရို ၂၀၂၄ ခြေစစ်ပွဲအုပ်စုအဆင့် ပွဲကြိုသုံးသပ်ချက်များ

ML

**ဆလိုဗေးနီးယား Vs ဆန်မာရီနို**

**ကစားမည့်ရက်/အချိန် ၂၆-၃-၂၀၂၃ (ည ၁၀:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆလိုဗေးနီးယား ၄ – ၀ ဆန်မာရီနို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဆလိုဗေးနီးယား** | – | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **ဝေး(နိုင်)** |
| **ဆန်မာရီနို** | – | **ဝေး(သရေ)** | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** |

ဆလိုဗေးနီးယားအသင်းဟာအုပ်စုအဖွင့်ပွဲစဉ်မှာ နိုင်ပွဲရခဲ့တာကြောင့် အခုပွဲစဉ်ကို နိုင်ပွဲရှာဖွေမှာဖြစ်ပြီး အုပ်စုကတက်ဖို့ ကြိုးစားလာမှာပါ။ ဆန်မာရီနိုအသင်းကတော့ ကစားသမားစုဖွဲ့မှုအားနည်းတဲ့အပြင် အဝေးကွင်းခံစစ်ပိုင်းကလဲ ပွဲတိုင်းပေးဂိုးရှိနေလို့ အခုပွဲစဉ်မှာလဲရှုံးကန်ရမှာပါ။ ဒါကြောင့် ဒုတိယမြောက်နိုင်ပွဲရှာမဲ့ ဆလိုဗေးနီးယားပဲအနိုင်ရသွားမှာပါ။

**အင်တာနက်ခန့်မှန်း – ဆလိုဗေးနီးယား ၂ – ၀ ဆန်မာရီနို**

**လူဇင်ဘတ် Vs ပေါ်တူဂီ**

**ကစားမည့်ရက်/အချိန် ၂၇-၃-၂၀၂၃ (နံနက် ၀၁:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ပေါ်တူဂီ ၅ – ၀ လူဇင်ဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လူဇင်ဘတ်** | – | **အိမ်(သရေ)** | **အိမ်(သရေ)** | **ဝေး(သရေ)** |
| **ပေါ်တူဂီ** | – | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |

လူဇင်ဘတ်အသင်းဟာ အိမ်ကွင်းကစားပုံမာကျောတာကြောင့် နောက်ဆုံးအိမ်ကွင်းသုံးပွဲစလုံး ရှုံးပွဲမရှိသေးပေမဲ့ တိုက်စစ်ပိုင်းအနေနဲ့ သုံးဂိုးသာ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ပေါ်တူဂီအသင်းကတော့ ခြေစွမ်းပြ ကစားသမားတွေ ပိုင်ဆိုင်ထားပြီး တိုက်စစ်ပိုင်းထက်မြက်နေတာကြောင့် လူဇင်ဘတ်အသင်းပွဲချိန်ပြည့် ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် ဂိုးပြတ်နိုင်ပွဲရယူမဲ့ ပေါ်တူဂီအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – လူဇင်ဘတ် ၁ – ၃ ပေါ်တူဂီ**

**ဆလိုဗက်ကီးယား Vs ဘော့စနီးယား**

**ကစားမည့်ရက်/အချိန် ၂၇-၃-၂၀၂၃ (နံနက် ၀၁:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆလိုဗက်ကီးယား ၁ – ၂ ဘော့စနီးယား**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဆလိုဗက်ကီးယား** | – | **ဝေး(သရေ)** | **အိမ်(သရေ)** | **အိမ်(သရေ)** |
| **ဘော့စနီးယား** | – | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |

ဆလိုဗက်ကီးယားအသင်းဟာ နောက်ဆုံးအိမ်ကွင်းသုံးပွဲမှာ သရေရလဒ်သာရရှိထားခဲ့ပြီး တိုက်စစ်ပိုင်းအားနည်းနေတာကိုတွေ့ရမှာပါ။ ဘော့စနီးယားအသင်းကတော့ ကစားသမားစုဖွဲ့မှု ကောင်းမွန်သလိုအသင်းလိုက်ကစားအားရှိတာကြောင့် ခြေရည်တူအသင်းတွေနဲ့ဆို နိုင်ပွဲရယူလေ့ရှိသလို ထိပ်တိုက်တွေ့ဆုံမှုမှာလဲ အသာရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အနိမ့်ဆုံးသရေရလဒ်ကစားမဲ့ ဘော့စနီးယားကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဆလိုဗက်ကီးယား ၁ – ၂ ဘော့စနီးယား**

### အားကစားသတင်း အတိုအထွာများ

- စပါးအသင်းနှင့် အဆင်မပြေဖြစ်နေသည့် နည်းပြကွန်တီက ကွင်းပိတ်ခြေစမ်းပွဲကျင်းပခဲ့သည့် အက်ဗ်စ်ချ်အသင်းနှင့်ပွဲစဉ်ကို လွဲချော်ပြီးနောက် ယနေ့ပြုလုပ်သည့် လေ့ကျင့်ရေးအစီအစဉ်သို့လည်း လာရောက်ခြင်းမရှိခဲ့ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက ဂါဗီကိုမှတ်ပုံတင်ခွင့်ရရှိရန် အယူခံတင်သွင်းထားသော်လည်း လာလီဂါအဖွဲ့ချုပ်က ပယ်ချ၍ အသင်းလူစာရင်းမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။
- ဝက်စ်ဟမ်းအသင်းအနေဖြင့် တန်းဆင်းခဲ့ရပါက အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားသည်ဟု ကွင်းလယ်ကစားသမား ပါကွီတာက ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

ML

## ဆယ်စုနှစ်တစ်ခုအတွင်း အီတလီအသင်းကို အင်္ဂလန်အသင်း ပထမဆုံးအကြိမ် အနိုင်ရရှိ



**လန်ဒန် မတ် ၂၄**

ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် ယနေ့နံနက်ပိုင်းက ကစားခဲ့သည့် အီတလီအသင်းနှင့်အင်္ဂလန်အသင်းတို့ပွဲစဉ်တွင် အင်္ဂလန်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဆယ်စုနှစ်တစ်ခုအတွင်း အီတလီအသင်းကို ပထမဆုံးအကြိမ်ပြန်လည်အနိုင်ရရှိခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် အင်္ဂလန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၃ မိနစ်တွင် ဒီကလန်ရိုက်ကလည်းကောင်း၊ ပွဲချိန် ၄၄မိနစ်တွင် ဟယ်ရီကိန်းကလည်းကောင်း အသီးသီးသွင်းယူပေးခဲ့ခြင်းဖြစ်ပြီး အီတလီအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ရီတီဂူလီက ပွဲချိန် ၅၆ မိနစ်တွင် သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်းသည် နောက်ပိုင်းနှစ်များတွင် အီတလီအသင်းနှင့်တွေ့ဆုံသည့် ပွဲစဉ်တိုင်းတွင် ရှုံးကန်ရလေ့ရှိပြီး နောက်ဆုံးဆယ်စုနှစ်တစ်ခုအတွင်း ခြောက်ပွဲကစားခဲ့ရာတွင် တစ်ပွဲမှအနိုင်မရရှိခဲ့ဘဲ လေးပွဲထိ ရှုံးနိမ့်ခဲ့ကာ နှစ်ပွဲသရေရလဒ် ထွက်ပေါ်ပြီး ရှုံးကန်ခဲ့ရသော်လည်း ယခုအခါ ပထမဆုံးအကြိမ်ပြန်လည်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အသင်းသည် ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်က နိုင်ငံတကာ ခြေစမ်းပွဲစဉ်အဖြစ် အီတလီအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နောက်ပိုင်း ဆယ်စုနှစ်တစ်ခုကျော်ကြာ နိုင်ပွဲမရရှိခဲ့ဘဲ ယခုအခါမှသာ ပြန်လည် အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

## မိုင်ယာမီအိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ကိုကိုဂေါ့ဖ်နှင့် ပယ်ဂူလာတို့ တက်ရောက်

**မိုင်ယာမီ မတ် ၂၄**

အမေရိကန်နိုင်ငံ မိုင်ယာမီတွင် ကျင်းပနေသည့် မိုင်ယာမီအိုးပင်း အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲဒုတိယအဆင့်ပွဲစဉ်များအဖြစ် အမေရိကန်တင်းနစ်မယ် ကိုကိုဂေါ့ဖ်က ကနေဒါတင်းနစ်မယ် မာရီနိုနှင့်လည်းကောင်း၊ အမေရိကန်တင်းနစ်မယ် ပယ်ဂူလာက ကနေဒါတင်းနစ်မယ် စီဘိုဖ်တို့နှင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားခဲ့ကြသည်။

ကိုကိုဂေါ့ဖ်နှင့် မာရီနိုတို့ ပွဲစဉ်တွင် ကိုကိုဂေါ့ဖ်က (၆-၄၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီးပယ်ဂူလာနှင့် စီဘိုဖ်တို့ပွဲစဉ်တွင် ပယ်ဂူလာက (၆-၃၊ ၆-၁) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ အသီးသီး တက်ရောက်သွားခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကိုကိုဂေါ့ဖ်သည် အမေရိကန် အမျိုးသမီးတင်းနစ်လောကအတွက် အနာဂတ်ကြယ်ပွင့်အဖြစ် သတ်မှတ်ခံထားရသည့် တင်းနစ်မယ်တစ်ဦးဖြစ်ပြီး ၂၀၂၃ ခုနှစ် တင်းနစ်ရာသီအတွင်းအောင်မြင်မှုများစွာ ရယူနိုင်မည့် ကစားသမားအဖြစ်လည်း သတ်မှတ်ခံထားရသည်။

၎င်းသည် မကြာသေးမီက ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပခဲ့သည့် Indian Wells Masters တင်းနစ်ပြိုင်ပွဲတွင် ပုံစံကောင်းရရှိရန် ရှုန်းကန်ခဲ့ရပြီး ကွာတားဖိုင်နယ် အဆင့်ထိသာ တက်ရောက်နိုင်ခဲ့သည်။

ကိုကိုဂေါ့ဖ်က "ဒုတိယအဆင့်ကို ရလဒ်ကောင်းနဲ့ကျော်ဖြတ်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒါပေမဲ့လဲ စွမ်းဆောင်ရည်ပိုင်းအပေါ်မှာတော့ အားရကျေနပ်မှုမရှိသေးပါဘူး။ လက်စွမ်းပိုင်းက မတည်မငြိမ်ဖြစ်နေတယ်။ အတက်အကျတွေမြင်နေတယ်။ မှားသင့်တဲ့ အမှားတချို့ကိုလဲ ကျူးလွန်ခဲ့ပါတယ်။ တတိယအဆင့်မှာတော့ ဒီအားနည်းချက်တွေကို ပြင်ဆင်နိုင်ဖို့ လိုအပ်တယ်" ဟု ပြောကြားခဲ့သည်။

ကိုကိုဂေါ့ဖ်သည် တတိယအဆင့်တွင် ရုရှားတင်းနစ်မယ် ပိုတာပိုဗာနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး ပယ်ဂူလာက အမေရိကန်တင်းနစ်မယ် တစ်ဦးပင်ဖြစ်သည့် ဒန်နီရယ်ကောလင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။

AZL

## အေဗာတန်အသင်းကစားသမားဟောင်း ဗာဆယ်ကိုကစားသမားဘဝမှအနားယူကြောင်း ထုတ်ပြန်ကြေညာ

**မက်ဒရစ် မတ် ၂၄**

အေဗာတန်အသင်း ကစားသမားဟောင်းဗာဆယ်ကိုသည် ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလက ဂရီကလပ် အိုလံပီယာကို့စ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိခဲ့ပြီး ဒဏ်ရာပြဿနာများကြောင့် ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့ရကြောင်း Mundodeportivo.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ခံစစ်ကစားသမား ဗာဆယ်ကိုသည် ၂၀၀၉ ခုနှစ်က ဗိုင်နမိုဇာဂရက်အသင်းနှင့် ကစားသမားဘဝစတင်ခဲ့ပြီး၂၀၁၃ ခုနှစ်တွင် ဂျီနိုအာအသင်းသို့လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် ဆက်ဆူအိုလိုအသင်းသို့လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် အေဗာတန်အသင်းသို့ လည်းကောင်း ပြောင်းရွှေ့ကစားခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် အင်တာမီလန်အသင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ရာ ဒူးဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲစုံ ၁၃ ပွဲသာ ပါဝင်ကစားနိုင်ခဲ့ပြီး အေဗာတန်အသင်းနှင့် ပြန်လည်ပူးပေါင်းချိန်တွင် ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အေဗာတန်အသင်းမှ အိုလံပီယာကို့စ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

၎င်းသည် အိုလံပီယာကို့စ်အသင်းသို့ ပြောင်းရွှေ့ပြီးနောက် ဒဏ်ရာပြဿနာများနှင့်သာ ရှုန်းကန်နေရပြီး အသင်းတွင် ဆက်လက်ကစားရန် ဆန္ဒရှိခဲ့သော်လည်း ခြောက်လသာကစားခဲ့ရပြီး စာချုပ်ဖျက်သိမ်း၍ ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။



အသက် ၃၁ နှစ်သာ ရှိသေးသည့် ခံစစ်ကစားသမားဗာဆယ်ကိုသည် အေဗာတန်အသင်းတွင် ကစားခဲ့စဉ်က လာလီဂါ ချန်ပီယံဆုဖလားတစ်ကြိမ်၊ ယူရိုပါလိဂ်ချန်ပီယံဆုဖလားတစ်ကြိမ်၊ ယူအီးအက်ဖ်ဖလားတစ်ကြိမ် ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ML

# LPGA Drive On Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဂျန်နီရှင်၊ အလစ်ဆန်လီနှင့် ဂါဘီလိုပက်ဇ်တို့ ပူးတွဲဦးဆောင်

**အရီဇိုးနား မတ် ၂၄**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင် ကျင်းပနေသည့် LPGA Drive On Championship ဂေါက်သီးရိုက်ပြိုင်ပွဲပထမနေ့ အပြီးတွင် မက္ကဆီကိုဂေါက်သီးရိုက်မယ် ဂါဘီလိုပက်ဇ်၊ အမေရိကန်ဂေါက်သီးရိုက်မယ် အလစ်ဆန်လီနှင့် တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ဂျန်နီရှင်တို့က သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားထိပ်တွင် ပူးတွဲရပ်တည်လျက်ရှိကြောင်း Yahoo Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အလစ်ဆန်လီသည် ကစားသမားဘဝသက်တမ်းတစ်လျှောက် LPGA ဆုဖလားတစ်ကြိမ်တစ်ခါမှ ဆွတ်ခူးထားနိုင်ခြင်းမရှိသေးသည့်အတွက် ကစားသမားဘဝ၏ ပထမဆုံးသော LPGA ဆုဖလားကို ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားလျက်ရှိသည်။

အလစ်ဆန်လီသည် ပထမနေ့၏ ကျင်းနံပါတ် (၅) အပြီးတွင် Birdie ရိုက်ချက် လေးကျင်းထိ ရရှိခဲ့ပြီး ကစားသမားဘဝသက်တမ်းတစ်လျှောက်အကောင်းဆုံးပုံစံကို ရလဒ်ကို ရယူထားနိုင်ခဲ့သည်။

တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ဂျန်နီရှင်သည်လည်း ၂၀၁၆ ခုနှစ်နောက်ပိုင်းချန်ပီယံဆုဖလားများဖြင့် ဝေးကွာနေရသည့် အခြေအနေဖြင့် ရင်ဆိုင်နေရပြီး ဆုဖလားများဖြင့် ဝေးကွာနေရသည့် အခြေအနေမှ ရုန်းထွက်နိုင်ရေးအတွက် ပထမနေ့တွင် အကောင်းဆုံးယှဉ်ပြိုင်ကစားသွားခဲ့သည်။



မက္ကဆီကို ဂေါက်သီးရိုက်မယ် ဂါဘီလိုပက်ဇ်သည် ပထမနေ့တွင် Birdie ရိုက်ချက် သုံးကျင်းသာရရှိခဲ့သော်လည်း Bogey Free ရခဲ့သည့်အတွက် အမှတ်ပေးဇယားထိပ်တွင် ပူးတွဲရပ်တည်ထားနိုင်ခြင်းလည်းဖြစ်သည်။

အလစ်ဆန်လီက "ပထမနေ့မှာကစားထားနိုင်ခဲ့တဲ့ ပုံစံကိုအားရကျေနပ်မှုရှိပါတယ်။ ရလဒ်တွေလဲကောင်းခဲ့တယ်။ ပထမနေ့မှာကစားရတာ သက်သောင့်သက်သာရှိတယ်။ ကစားရတာလဲလွယ်ကူတယ်လို့ခံစားမိတယ်။ ကျွန်မအနေနဲ့ ပထမနေ့မှာ ဒီထက်ပိုကောင်းတဲ့ရလဒ်ရသင့်ပါတယ်။ တချို့ကျင်းတွေမှာ နည်းနည်းလေးပေါ့ဆမိတဲ့အတွက် ရသင့်တဲ့ရလဒ်မျိုးမရခဲ့တာပါ။ ဘာပဲဖြစ်ဖြစ် လက်ရှိရထားတဲ့ရလဒ်အပေါ်မှာ ဝမ်းသာဂုဏ်ယူပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# နာပိုလီအသင်းက နည်းပြ စပယ်လက်တီကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်

**ရောမ မတ် ၂၄**

နာပိုလီအသင်း ဥက္ကဋ္ဌ ဒီလော်ရန်တစ်က ယခုနှစ်ဘောလုံးရာသီတွင် အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ထားသည့် နည်းပြ စပယ်လက်တီကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဟု ပြောကြားခဲ့ကြောင်း ဒေးလီးမေးလ် သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၆၄ နှစ်ရှိ နည်းပြ စပယ်လက်တီသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က နာပိုလီအသင်း နည်းပြအဖြစ် ခန့်အပ်ခံခဲ့ရပြီး ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

နည်းပြ စပယ်လက်တီသည် ယခုနှစ်ဘောလုံးရာသီအကုန်တွင် နာပိုလီအသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ထားပြီး ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း စီးရီးအေ ချန်ပီယံဆု ပြန်လည်ဆွတ်ခူးနိုင်ရန် စွမ်းဆောင်ထားသည့်အတွက် နာပိုလီအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုသွားမည်ဖြစ်သည်။

ဒီလော်ရန်တစ်က "စပယ်လက်တီက နာပိုလီအသင်းနည်းပြအဖြစ်ဆက်ရှိနေမှာပါ။ အခုနှစ် ဘောလုံးရာသီမကုန်ခင် သူ့ကို သက်တမ်းတိုး စာချုပ်ချုပ်ဆိုမှာပါ။ သူ့အနေနဲ့လဲ နာပိုလီအသင်းက ထွက်ခွာဖို့ အစီအစဉ်မရှိပါဘူး" ဟု ပြောကြားခဲ့သည်။ STA

# ဘိုင်ယန်မြူးနစ်အသင်းက နည်းပြသစ်အဖြစ် ချဲလ်ဆီးအသင်းနည်းပြဟောင်း တူချယ်ကိုခန့်အပ်

**မြူးနစ် မတ် ၂၄**

ဘိုင်ယန်မြူးနစ် အသင်းက နည်းပြနာဂယ်စမန်းကို အံ့အားသင့်ဖွယ်ထုတ်ပယ်ခဲ့ပြီးနောက် နည်းပြသစ်အဖြစ် ချဲလ်ဆီးအသင်းနည်းပြဟောင်းတူချယ်ကိုခန့်အပ်ခဲ့သည်ဟု Bild သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘိုင်ယန်မြူးနစ် အသင်းသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က နည်းပြဟန်ဆီဖလစ်နုတ်ထွက်ခဲ့ပြီးနောက် လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် လိုက်ပ်ဇစ်အသင်းနှင့်အတူ အောင်မြင်မှုများရယူနိုင်ခဲ့သည့် နည်းပြ နာဂယ်စမန်းကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ် အသင်းသည် ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင် ၁၀ ကြိမ်ဆက်ဆွတ်ခူးနိုင်ခဲ့သည့်အပြင် ချန်ပီယံလိဂ် ပြိုင်ပွဲတွင်လည်း ၂၀၁၃ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တွင် ချန်ပီယံလိဂ်ဆုဆွတ်ခူးနိုင်ခဲ့ကာ ဂျာမနီတွင် အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေသော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ပြည်တွင်းပြိုင်ပွဲ၌ ရလဒ်ပိုင်းမတည်မငြိမ်ဖြစ်လာခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ၂၅ ပွဲကစားပြီးချိန်၌ ချန်ပီယံဆုအတွက် ဒေါ့မွန်အသင်း၏ ခြိမ်းခြောက်မှုခံနေရပြီး အမှတ်ပေးဇယားထိပ်ဆုံးမှ ဒေါ့မွန်အသင်းနှင့် ရမှတ်တစ်မှတ်အကွာဖြင့် အဆင့် (၂) နေရာတွင် ရပ်တည်လျက်ရှိနေသည့်အတွက် ဘိုင်ယန်မြူးနစ်အသင်း တာဝန်ရှိသူများက အံ့အားသင့်ဖွယ် နည်းပြ နာဂယ်စမန်းကို ထုတ်ပယ်ခဲ့ပြီး နည်းပြသစ်အဖြစ် တူချယ်ကို ခန့်အပ်ရန် ကြိုးပမ်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ STA



# အာဂျင်တီးနားအသင်းတိုက်စစ်ကစားသမား မက်ဆီ ပရော်ဖက်ရှင်နယ်ကစားသမားဘဝသွင်းဂိုး ၈၀၀ ပြည့်မြောက်



**ဗျူနိုစ်အေးရိစ် မတ် ၂၄**

အာဂျင်တီးနားအသင်း တိုက်စစ်ကစားသမား မက်ဆီသည် ယနေ့နံနက်ပိုင်းက နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် အာဂျင်တီးနားအသင်းနှင့် ပနားမားအသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ သွင်းဂိုး ၈၀၀ ပြည့်မြောက်ခဲ့သည်ဟု ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါနိုင်ငံတကာ ခြေစမ်းပွဲစဉ်တွင် အာဂျင်တီးနားအသင်းက အိမ်ကွင်းတွင် ပနားမားအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး မက်ဆီက ပွဲချိန် ၈၉မိနစ်တွင် အသင်းအတွက် ဒုတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ သွင်းဂိုး ၈၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

မက်ဆီသွင်းယူခဲ့သည့် သွင်းဂိုး ၈၀၀ တွင် ဘာစီလိုနာအသင်း၌ကစားခဲ့စဉ်က သွင်းဂိုးအများစုကို သွင်းယူခဲ့ခြင်းဖြစ်ပြီး ဘာစီလိုနာအသင်းနှင့်ပြိုင်ပွဲစုံ ၆၇၂ ဂိုးထိ သွင်းယူပေးနိုင်ခဲ့ကာ လက်ရှိ ပီအက်စ်ဂျီအသင်းနှင့် ၂၉ ဂိုး၊ လက်ရွေးစင် အာဂျင်တီးနားအသင်းနှင့် ၉၉ ဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

အသက် ၃၅ နှစ်ရှိ မက်ဆီသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ပြီးခဲ့သည့် ၂၀၀၄ခုနှစ်က ဘာစီလိုနာအသင်းနှင့်စတင်ခဲ့ခြင်းဖြစ်ပြီး အာဂျင်တီးနားအသင်းအတွက် ၂၀၀၅ ခုနှစ်က စတင်ကစားခဲ့ကာ လက်ရှိဘောလုံးသမိုင်း တစ်လျှောက်တွင်လည်း ပေါ်တူဂီအသင်းနှင့် အယ်နာဆာအသင်းမှ တိုက်စစ်ကစားသမား စီရော်နယ်ဒိုပြီးလျှင် သွင်းဂိုး ၈၀၀ ပြည့်မြောက်သည့် ဒုတိယမြောက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။ STA

# ဖင်လန်စီးပွားရေးလုပ်ငန်းရှင် သောမက်က မန်ယူအသင်းကိုဝယ်ယူရန် ရက်ကလစ်၊ အယ်သနီတို့နှင့်အပြိုင်ကမ်းလှမ်း

**မန်ချက်စတာ မတ် ၂၄**

ဖင်လန်စီးပွားရေးလုပ်ငန်းရှင် သောမက်က မန်ယူအသင်းကို ဝယ်ယူရန် ဗြိတိန်ဘီလျံနာ ရက်ကလစ်၊ ကာတာဇော်ဘွား အယ်သနီတို့နှင့်အပြိုင် မန်ယူအသင်းပိုင်ရှင် ဂလေဇာမိသားစုထံ ကမ်းလှမ်းခဲ့သည်ဟု မန်ချက်စတာ ညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းပိုင်ရှင် ဂလေဇာမိသားစုက ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက မန်ယူအသင်းကို ပြန်လည်ရောင်းချမည်ဟုကြေညာခဲ့ပြီးနောက် ရက်ကလစ်နှင့် အယ်သနီတို့က အစောပိုင်းကတည်းက အပြိုင်ကမ်းလှမ်းခဲ့ကြသည်။

ရက်ကလစ်နှင့် အယ်သနီတို့က မန်ယူအသင်းကို ဝယ်ယူရန် ပထမအကြိမ်အဖြစ် စတာလင်ပေါင် လေးဘီလီယံကျော်ဖြင့် ကမ်းလှမ်းခဲ့သော်လည်း ဂလေဇာမိသားစုက စတာလင်ပေါင် ငါးဘီလီယံနှင့် ခြောက်ဘီလီယံကြား အလိုရှိနေသည့်အတွက် မအောင်မြင်ခဲ့ခြင်းဖြစ်သည်။

သို့သော်ရက်ကလစ်က စတာလင်ပေါင် ငါးဘီလီယံကျော်ဖြင့် ဒုတိယအကြိမ် ကမ်းလှမ်းခဲ့သကဲ့သို့ အယ်သနီကလည်း စတာလင်ပေါင် ၅ ဒသမ ၅ ဘီလီယံထိ တိုးမြှင့်ပြီး ကမ်းလှမ်းထားသည့်အတွက် အယ်သနီက မန်ယူအသင်းကို ဝယ်ယူနိုင်ရန် ထိပ်ဆုံးမှ ရေပန်းစားနေခြင်းဖြစ်သည်။

ယခုအခါ ဖင်လန်စီးပွားရေးလုပ်ငန်းရှင် သောမက်ကလည်း ကမ္ဘာတစ်ဝန်းမှ မန်ယူအသင်းပရိသတ်များထံမှရရှိသည့်ထောက်ပံ့ငွေနှင့် ၎င်းက စတာလင်ပေါင် သုံးဘီလီယံစိုက်ထုတ်ပြီး မန်ယူအသင်းကိုဝယ်ယူရန်အပြိုင်ကမ်းလှမ်းထားကြောင်း သိရသည်။ STA

**အာဖရိကဖလားပြိုင်ပွဲ ရလဒ်**

| | | | | |
|---|---|---|---|---|
| နိုင်ဂျီးရီးယား | ၀ | - | ၁ | ဂူနီယာဘစ်ဆော |
| ကိပ်ဗာဒီ | ၀ | - | ၀ | အဆွာတီနီ |
| ယူဂန်ဒါ | ၀ | - | ၁ | တန်ဇန်းနီးယား |
| အိုင်ဗရီကို့စ် | ၃ | - | ၁ | ကိုမိုရော့ |
| DRကွန်ဂို | ၃ | - | ၁ | မော်ရီတေးနီးယား |
| တောင်အာဖရိက | ၂ | - | ၂ | လိုက်ဘေးရီးယား |

(၀၄၀)

# တရုတ်နိုင်ငံထုတ် တိုက်လေယာဉ်များဝယ်ယူသွားမည့် အာဂျင်တီးနား

**မောင်သောင်းဝင်း(တမန်ဟောင်း)**

တရုတ်နိုင်ငံသည် ဂျက်တိုက်လေယာဉ်များနှင့် သံချပ်ကာယာဉ်များအပါအဝင် အာဂျင်တီးနားနိုင်ငံသို့ စစ်လက်နက်ပစ္စည်းများစွာရောင်းချသွားနိုင်မည့် သဘောတူညီချက် လက်မှတ်ရေးထိုးရန် နီးကပ်လာနေပြီဖြစ်သည်ဟု ဆိုသည်။ ထိုသို့သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခြင်းသည် ပေကျင်းစစ်ဘက် အနေဖြင့် ဒေသတွင်း၌ အမေရိကန်၏လွှမ်းမိုးမှု နယ်ပယ်အပေါ် စိန်ခေါ်လာနိုင်တော့မည်ဖြစ်သည်။

တရုတ်နိုင်ငံဆိုင်ရာ အာဂျင်တီးနားသံအမတ်ကြီး ဆာဘီနိုဗာကာနာဗာဂျာနှင့် ကာကွယ်ရေးဝန်ကြီး ဂျော့ဂျ်တီယာနာတို့သည် တရုတ်နိုင်ငံနှင့်ကာကွယ်ရေး ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအတွက် မကြာသေးမီ အချိန်အတွင်းက ဗျူရိုစ်အေရိစ်၌ တွေ့ဆုံဆွေးနွေးခဲ့ကြ ကြောင်း၊ ထိုသို့ဆွေးနွေးရာ၌ JF-17 တိုက်လေယာဉ် များ၊ ရှစ်ဘီးယက် သံချပ်ကာယာဉ်များ ဝယ်ယူရေးနှင့် စစ်ဘက်တပ်ဖွဲ့ဝင်များ အပြန်အလှန်သွားရောက် လည်ပတ်ရေးတို့လည်း ပါဝင်ကြောင်း တရုတ်နံနက် ခင်းသတင်းစာ (SCMP) ၌ ဖော်ပြထားသည်။

ပါကစ္စတန်နှင့်ပူးတွဲတည်ဆောက်ထားသည့် J-17 တိုက်လေယာဉ်သည် အာဂျင်တီးနားလေတပ်၏ ကာလရှည်ကြာဖြစ်ပေါ်လျက်ရှိသော တိုက်လေယာဉ် လိုအပ်ချက်ကို ဖြည့်ဆည်းသွားနိုင်မည့်အလားအလာ ရှိနေသည်။ တရုတ်တိုက်လေယာဉ်သည် အိန္ဒိယ၏ HAL Tejas တိုက်လေယာဉ်၊ ရုရှား၏ MiG-35 တိုက်လေယာဉ်၊ F-16s အမျိုးအစားတစ်ပတ်ရစ် တိုက် လေယာဉ်များနှင့်အပြိုင် ဝယ်လက်ဖောက်သည်ရှာဖွေ လျက်ရှိကြောင်း ၎င်းသတင်းစာ၌ ဖော်ပြထားသည်။

ဗာကာနာဗာဂျာသည် JF-17 တိုက်လေယာဉ် ဝယ်ယူရေးအတွက် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ အတွင်း တရုတ်အမျိုးသားအာကာသနည်းပညာဆိုင် ရာ နိုင်ငံတကာ အင်ဂျင်နီယာကော်ပိုရေးရှင်းမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့ပြင် တရုတ်နှင့် အာဂျင်တီးနားကိုယ်စားလှယ်များ သည် လေယာဉ်ပူးတွဲတည်ဆောက်ရေးအတွက် ဖြစ်နိုင်ခြေအလားအလာများကိုလည်း ဆွေးနွေးခဲ့ကြ သည်ဟုဆိုသည်။

သို့သော် အာဂျင်တီးနားသမ္မတ အယ်ဘာတိုဖာနန် ဒက်ဇ်ကမူ ၎င်းတို့နိုင်ငံအနေဖြင့် တိုက်လေယာဉ်များ ဝယ်ယူမှုကို ချက်ချင်းဆောင်ရွက်သွားမည်မဟုတ် ကြောင်း၊ စစ်သုံးလေယာဉ်များ ဝယ်ယူရေးထက် အခြားအရေးကြီးသောနယ်ပယ်များတွင် အသုံးပြုရန် အတွက် အရင်းအမြစ်အကန့်အသတ်ဖြင့်သာ သုံးစွဲ နေရကြောင်း ပြောကြားသွားခဲ့သည်။

အာဂျင်တီးနားနိုင်ငံသည် ၁၉၈၂ ခုနှစ် ဖော့ ကလန်စစ်ပွဲကတည်းက ၎င်း၏စစ်ဘက်ဆိုင်ရာ တည်ဆောက်ရေးအတွက် ရုန်းကန်ရလျက်ရှိသည်။ ထို့ပြင် အမေရိကန်နှင့်ဗြိတိန်တို့၏ လက်နက်ရောင်း ချရေးပိတ်ဆို့မှုများသည် အာဂျင်တီးနားနိုင်ငံ၏ ခေတ်မီတပ်မတော်တည်ဆောက်ရေး အစီအစဉ်ကို အဟန့်အတားဖြစ်စေလျက်ရှိသည်။

တရုတ်နိုင်ငံ၏ JF-17 တိုက်လေယာဉ်သည် အရေးပေါ်အခြေအနေတွင်ခုန်ထွက်နိုင်သည့်ဗြိတိန် နိုင်ငံထုတ် Martin-Baker အမျိုးအစား ထိုင်ခုံ တစ်လုံးပါရှိပြီး ၎င်းထိုင်ခုံကို ပြည်တွင်းသုံးမှုကွဲ ဖြင့် အစားထိုးသွားမည်ဖြစ်သည်။ အဓိကပြဿနာ မှာ အာဂျင်တီးနားနိုင်ငံအနေဖြင့် JF-17 တိုက် လေယာဉ်ကို ဝယ်ယူသွားနိုင်မလားဆိုသော အချက် ပင်ဖြစ်သည်။

အာဂျင်တီးနားလေတပ်သည် လက်နက်ဝယ်ယူ ရေးအတွက် ပိတ်ဆို့မှုများနှင့် ရင်ဆိုင်ရလျက်ရှိ သည့်အပြင် အခြားသောအကြောင်းတရားများက လည်း ခေတ်မီလေတပ် တည်ဆောက်ရေးအစီအမံ များကို အဟန့်အတားဖြစ်စေလျက်ရှိသည်။ အာဂျင် တီးနားနိုင်ငံသည် ဖော့ကလန်စစ်ပွဲအတွင်းက တိုက် လေယာဉ်အစင်း ၂၄၀ ပိုင်ဆိုင်ခဲ့သော်လည်း စစ်ဘက် အုပ်ချုပ်ရေးပြိုကွဲမှု၊ စီးပွားရေးအကျပ်အတည်းနှင့် ပိတ်ဆို့မှုများကြောင့် အဆင့်မြှင့်တင်ထားသော A-4AR Fighting Hawks အစင်း ၂၀ ခန့်၊ Pampa 3 အမျိုးအစား လေ့ကျင့်ရေးလေယာဉ် ၁၀ စင်းခန့်သာ ပိုင်ဆိုင်ထားရှိပြီး ကိုယ်ပျောက်လေယာဉ် တစ်စင်းမျှ ပိုင်ဆိုင်ထားခြင်းမရှိသေးဟု သိရှိရသည်။

အာဂျင်တီးနားနိုင်ငံသည် ၂၀၀၀ ပြည့်လွန်နှစ် နှင့် ၂၀၁၀ ပြည့်လွန်နှစ်များတွင် Kfir C1၊ F-16C/D၊ HAL Tejas နှင့် FA-50 ကဲ့သို့သော ခေတ်မီ တိုက်လေယာဉ်များဝယ်ယူရန် ကြိုးပမ်းခဲ့သော်လည်း



အာဂျင်တီးနားနိုင်ငံအနေဖြင့် လေယာဉ်များတွင် ပါဝင်သော ဗြိတိန်၏စက်အစိတ်အပိုင်းများကိုဝယ်ယူ နိုင်ခဲ့ခြင်းမရှိဟု ဆိုသည်။

အာဂျင်တီးနားရေတပ်အနေဖြင့်လည်း ၂၀၂၀ ပြည့်နှစ်ကတည်းက ခေတ်လွန်စစ်လက်နက်ပစ္စည်း များကြောင့် ပြဿနာများစွာနှင့် ရင်ဆိုင်ရလျက်ရှိ သည်။ ၎င်း၏ရေယာဉ်အများစုကို ၁၉၇၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အတွင်း ဝယ်ယူထားခြင်းဖြစ်ပြီး တာဝန် ထမ်းဆောင်မှုကာလမှာ နှစ် ၄၀ ခန့်ရှိနေပြီဖြစ်သည်။ စင်စစ်အားဖြင့် အာဂျင်တီးနားရေတပ်သည်ရှည်လျား သော ပင်လယ်ကမ်းရိုးတန်းနှင့် ကြီးမားကျယ်ပြန့်သော အထူးစီးပွားရေးဇုန် (EEZ) တို့နှင့် နှိုင်းယှဉ်လျှင် အလွန်အမင်း အင်အားချည့်နဲ့လျက်ရှိပြီး ဂျာမနီ ထုတ် MEKO 360 ဖျက်သင်္ဘောလေးစီးနှင့် MEKO 360 ဖရီဂိတ်ခြောက်စီးတို့ကို အဆင့်မြှင့်တင် နိုင်ရေး ရုန်းကန်ရလျက်ရှိသည်။ လက်နက်ခဲယမ်းများ မှာလည်း သက်တမ်းလွန်နေပြီဖြစ်သည်။ ထို့ပြင် ရေငုပ်သင်္ဘော နှစ်စီးမှာလည်း ၂၀၂၀ ပြည့်နှစ်က တည်းက တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိဟုဆိုသည်။

အာဂျင်တီးနားကြည်းတပ်သည် လက်ရှိအချိန်ထိ ၁၉၇၀ ပြည့်လွန်နှစ်များက နည်းပညာများအပေါ် မှီခိုအားထားရလျက်ရှိသည်။ ခေတ်မီစစ်လက်နက်များ တပ်ဆင်နိုင်စွမ်းမရှိခြင်းသည် စစ်ဆင်ရေးများဆင်နွှဲ ရာတွင် အတားအဆီးများဖြစ်ပေါ်စေလျက်ရှိသည့် အပြင် စစ်ဘက်ဆိုင်ရာနည်းဗျူဟာများတိုးတက်ရေး ကိုလည်း အဟန့်အတားဖြစ်ပေါ်စေလျက်ရှိသည်။ ပြုပြင်ထိန်းသိမ်းမှုကန့်သတ်ချက်နှင့်ကြိုတင်ထိန်းသိမ်း မှုများ မရှိခြင်းတို့ကြောင့် အာဂျင်တီးနားကြည်းတပ် သည် စစ်လက်နက်ပစ္စည်းများ ဖြုတ်/တပ် ခြင်းတို့တွင် အခက်အခဲဖြစ်ပေါ်စေလျက်ရှိသည်။

ထို့ကြောင့် အာဂျင်တီးနား၏ခေတ်မီတပ်မတော် တည်ဆောက်ရန် အရေးပေါ်လိုအပ်ချက်များကို တရုတ်နိုင်ငံအနေဖြင့် လက်တင်အမေရိကတွင် အခိုင်အမာခြေကုပ်ယူနိုင်ရေးအတွက် အခွင့်အလမ်း တစ်ရပ်အဖြစ် ရှုမြင်ထားသည်။ ထိုသို့လိုအပ်ချက်များ ဖြည့်ဆည်းပေးသွားမည်ဆိုလျှင် ထူးခြားသောမဟာ ဗျူဟာမြောက် ရိုက်ခတ်မှုများ ဖြစ်ပေါ်လာနိုင် သည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာ၊ ပါကစ္စတန် နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အပါအဝင် လက်နက်အဓိက ဝယ်ယူလျက်ရှိသည့် နိုင်ငံများအပြင် အခြားနိုင်ငံသို့ ၎င်း၏ တိုက်လေယာဉ်များနှင့်ခေတ်မီဆန်းသစ်သော လက်နက်များ ရောင်းချနိုင်မည်ဆိုလျှင် အမေရိကန်နှင့် ဥရောပတို့ထံမှ မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံများ ကို စည်းရုံးဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

တိုက်လေယာဉ်များရောင်းချမှုတွင် ကုန်သွယ်မှု ဆက်ဆံရေး၊ ဈေးကွက်ရရှိနိုင်မှု၊ နည်းပညာနှင့် လက်နက်များလွှဲပြောင်းပေးခြင်းတို့ ပါဝင်လေ့ရှိသည်။ တိုက်လေယာဉ်များတင်ပို့နိုင်ခြင်းသည် ရောင်းချသော နိုင်ငံ၏ မဟာမိတ်များတောင့်တင်းလာစေခြင်း၊ စီးပွား ရေးလုပ်ငန်းများမှတစ်ဆင့် ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေခြင်း၊ ပြုပြင်ထိန်းသိမ်းမှုနှင့် စက်ပစ္စည်း အပိုအစိတ်အပိုင်းများ ပံ့ပိုးပေးနိုင်ခြင်း၊ စစ်ဆင်ရေး တာဝန်များကို ဟန်ချက်ညီဆောင်ရွက်နိုင်ခြင်းနှင့် ဆက်သွယ်မှုလွယ်ကူစေခြင်း စသည့်အကျိုးကျေးဇူး များစွာကို ရရှိစေမည်ဖြစ်သည်။

အာဂျင်တီးနားနိုင်ငံကို JF-17 တိုက်လေယာဉ် များရောင်းချနိုင်ရေး တရုတ်နိုင်ငံ၏ဖိအားပေးမှုသည် အမေရိကန်လွှမ်းမိုးထားသော ဒေသတွင်း၌ အဓိက လက်နက်တင်ပို့သူနိုင်ငံအဖြစ် ထိုးဖောက်နိုင်ရေး ပေကျင်း၏ ကြိုးပမ်းမှုပင်ဖြစ်သည်ဟု သုံးသပ်ပြောဆို လျက်ရှိသည်။ အာဂျင်တီးနားနိုင်ငံသို့ တိုက်လေယာဉ် များရောင်းချရန် တရုတ်နိုင်ငံ၏အဆိုပြုချက်သည် ငွေပေးချေမှုနှင့်စပ်လျဉ်း၍ လိုက်လျောမှုများဖြင့် ကမ်းလှမ်းထားရှိသည်။ တရုတ်နိုင်ငံအနေဖြင့် အာဂျင် တီးနားနိုင်ငံနှင့် စစ်လက်နက်ပူးတွဲထုတ်လုပ်ရန်၊ နည်းပညာလွှဲပြောင်းပေးရန် စိတ်အားထက်သန် လျက်ရှိသည်။

တရုတ်နိုင်ငံသည် အာဂျင်တီးနားနိုင်ငံသို့ တိုက် လေယာဉ်များရောင်းချရာတွင် ရေတိုအကျိုးစီးပွားကို မျှော်မှန်းဆောင်ရွက်ခြင်းမဟုတ်ဘဲ နိုင်ငံရေးနှင့်စီးပွား ရေး ရည်မှန်းချက်များဆိုင်ရာ ရေရှည်အကျိုးစီးပွား ကို မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆိုသည်။ အာဂျင်တီးနားနိုင်ငံသည် လက်တင်အမေရိက၌ ဒုတိယ အကြီးမားဆုံးနိုင်ငံဖြစ်ပြီး လူဦးရေနည်းပါးသော်လည်း သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝလျက်ရှိသည်။

တရုတ်နှင့် အာဂျင်တီးနားနိုင်ငံတို့သည် အမေ ရိကန်ဒေါ်လာ ဘီလီယံ ၃၀ တန်ဖိုးရှိသော အခြေခံ အဆောက်အအုံစီမံကိန်းများ အကောင်အထည်ဖော် ဆွေးနွေးညှိနှိုင်းလျက်ရှိပြီး တရုတ်နိုင်ငံသည် အာဂျင် တီးနား၏ စွမ်းအင်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ ရင်းနှီးမြှုပ်နှံထားရှိသည်။ အာဂျင်တီးနား နိုင်ငံသည် တရုတ်နိုင်ငံသို့ ပဲပိစပ်အပါအဝင် စားနပ် ရိက္ခာများစွာကို တင်ပို့ရောင်းချလျက်ရှိသည်။

အာဂျင်တီးနားနိုင်ငံသည် လက်တင်အမေရိကတွင် ပထဝီနိုင်ငံရေးဆိုင်ရာ မဟာဗျူဟာကျယ်ပြောလှသော ကြောင့် တရုတ်နိုင်ငံက စည်းရုံးဆောင်ရွက်နေခြင်းဖြစ် ကြောင်း၊ လက်တင်အမေရိကနိုင်ငံများတွင် တရုတ် နိုင်ငံ၏ ပြည်ပအကူအညီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဆော့ဖ် ပါဝါတို့သည် ပေကျင်း၏ နိုင်ငံရေးရည်မှန်းချက်များ ကို အကောင်အထည်ဖော်စေနိုင်လျက်ရှိသည့်အပြင် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံအနေဖြင့်လည်း ရပ်တည်လာစေနိုင်ကြောင်း လေ့လာသုံးသပ်သူများက ပြောဆိုလျက်ရှိသည်။

ထို့ပြင် လက်တင်အမေရိကတွင် တရုတ်၏ စစ်ရေးနှင့်စီးပွားရေးဆိုင်ရာ လက်ရှုံးဆန့်တန်းလာမှု သည် တရုတ်(တိုင်ပေ)ကို သံခင်းတမန်ခင်းအရ ဖယ်ကြဉ်သွားရန်ဖြစ်သည်ဟု ဆိုသည်။ ဆိုလိုသည်မှာ မကြာသေးမီအချိန်အတွင်းကပင် လက်တင်အမေ ရိကနိုင်ငံများက တရုတ်(တိုင်ပေ)အပေါ် သံခင်းတမန် ခင်းအရ အသိအမှတ်ပြုမှုကျဆင်းလာသည်ဟုဆို သည်။ တရုတ်နိုင်ငံထံမှ စီးပွားရေးနှင့်အခြေခံ အဆောက်အအုံဆိုင်ရာ မက်လုံးများလက်ခံရရှိပြီး နောက် ဒိုမီနီကန်သမ္မတနိုင်ငံနှင့် နီကာရာဂွါနိုင်ငံတို့ သည် တရုတ်(တိုင်ပေ)နှင့် သံတမန်အဆက်အသွယ် ဖြတ်တောက်ခဲ့ကြသည်။ ဟွန်ဒူးရပ်စ်နိုင်ငံအနေဖြင့် လည်း ၂၀၂၃ ခုနှစ်အတွင်း တရုတ်(တိုင်ပေ)နှင့် သံတမန်အဆက်အသွယ် ဖြတ်တောက်သွားမည် ဟုဆိုသည်။

အာဂျင်တီးနားသို့ တရုတ်နိုင်ငံ၏ တိုက်လေယာဉ် ရောင်းချခြင်းနှင့် လက်တင်အမေရိကထိ လက်ရှုံးဆန့် တန်းလာခြင်းသည် အမေရိကန်ကို အဆိုပါဒေသ၌ ၎င်း၏ရပ်တည်ချက်နှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်မှု မြင့်တက်လာစေလျက်ရှိသည်။ ထို့ကြောင့် ဘိုင်ဒင် အစိုးရသည် တရုတ်နိုင်ငံကို မဟာဗျူဟာမြောက် ပြိုင်ဘက်အဖြစ် ပြောဆိုလျက်ရှိသည့်အပြင် ဒေသ တွင်း၌ အာဏာရှင်အစိုးရများ တည်မြဲရေးအတွက် အားပေးအားမြှောက် လုပ်ဆောင်လျက်ရှိသည်ဟု စွပ်စွဲပြောဆိုလျက်ရှိသည်။


ဆိုရလျှင် တရုတ်နှင့်အာဂျင်တီးနားနိုင်ငံတို့သည် ၁၉၇၅ ခုနှစ်ကတည်းက သံတမန်ဆက်ဆံရေးထူ ထောင်ထားရှိသည်။ ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် တရုတ်နိုင်ငံသည် အာဂျင်တီးနား၏အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်လာခဲ့သည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် အာဂျင်တီးနားသမ္မတ အယ်ဘာတို ဖာနန်ဒက်ဇ်သည် ၂၀၂၂ ခုနှစ် ပေကျင်း ဆောင်း ရာသီအိုလံပစ်ပွဲတော်သို့ တက်ရောက်ခဲ့ပြီး တရုတ် သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အာဂျင်တီးနားတပ်မတော်ကို ၁၉၄၈ ခုနှစ် စက်တင်ဘာ ၉ ရက်က စတင်ဖွဲ့စည်းထူထောင်ခဲ့ပြီး အင်အား ၁၀၈၀၀၀ ခန့်ရှိသည်။ ၂၀၂၂ ခုနှစ်တွင် ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံသုံးစွဲခဲ့သည်။ လက်ရှိအချိန်တွင် အာဂျင်တီးနားနိုင်ငံသည် တပ်မတော်အဆင့်မြှင့်တင် နိုင်ရေးအတွက် စစ်လက်နက်များဝယ်ယူဖြည့်တင်းရန် ကြိုးပမ်းလျက်ရှိရာ တရုတ်နိုင်ငံမှ တိုက်လေယာဉ်များ ဝယ်ယူနိုင်ရေးညှိနှိုင်းလျက်ရှိသည်။ တရုတ်နိုင်ငံ အနေဖြင့် အာဂျင်တီးနားနိုင်ငံသို့ စစ်လက်နက်ပစ္စည်း များ တင်ပို့ရောင်းချနိုင်မည်ဆိုလျှင် လက်တင်အမေ ရိက၌ ပထဝီနိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ အကျိုး စီးပွားများ ဖော်ဆောင်လာနိုင်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- **China-Argentina on verge of region-rattling fighter deal by Asia Times.**

# ချမ်းမြသာစည်မြို့နယ်ရှိ Collector's Soul Art Gallery တွင် Group Show ART EXHIBITION ပြသသွားမည်




**မန္တလေး မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ၅၇ လမ်း (၁၀၃ လမ်းနှင့် ၁၀၄ လမ်းကြား)ရှိ Collector's Soul Art Gallery တွင် Holding Hands အမည်ဖြင့် Group Show ART EXHIBITION ကို မတ် ၂၈ ရက်မှ မတ် ၃၀ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီဆရာ မောင်မိုးက ပြောပြ၍ သိရသည်။

အဆိုပါ Holding Hands အမည်ရှိ Group Show ART EXHIBITION တွင် ပန်းချီဆရာ ၁၅ ဦး၏ လက်ရာစုံပန်းချီကား ၇၀ ခန့်ကို ပြသရောင်းချပေးသွားမည်ဖြစ်ပြီး ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် အရောင်အသွေးစုံ ပန်းချီလက်ရာများကို ရှုမြင်ရမည်ဖြစ်ကြောင်း သိရသည်။

“မန္တလေး နယ်ခံ လူငယ်၊ လူလတ်ပန်းချီဆရာ ၁၅ ယောက်ရဲ့ လက်ရာစုံ ပန်းချီကား ၇၀ လောက် ပြသမှာဖြစ်ပါတယ်။ အဲဒီအထဲမှာ လူငယ်ပန်းချီဆရာတွေရဲ့ ပန်းချီကားတွေပါသလို ဝါရင့်ပန်းချီဆရာကြီးတွေရဲ့ ပန်းချီကားတွေလဲ ပါမယ်။ Group Show ဖြစ်တဲ့အတွက် လူစုံ၊ လက်ရာစုံ၊ ရှုထောင့်စုံအောင် စုစည်းထားပါတယ်”ဟု ပန်းချီမောင်မိုးက ပြောပြသည်။

အဆိုပါပြပွဲတွင် ပန်းချီ အောင်သူစိုး၊ ပန်းချီ ထင်အောင်ကျော်၊ ပန်းချီ မောင်မိုး၊ ပန်းချီ မန်လေး၊ ပန်းချီ မျိုးမင်းခိုင်၊ ပန်းချီ နိုင်လင်းထက်၊ ပန်းချီ ငွေလေး၊ ပန်းချီ ဖိုးနီ၊ ပန်းချီ စန်းနိုင်၊ ပန်းချီ စိန်ငွေး၊ ပန်းချီ စည်သူဟိန်း၊ ပန်းချီ စိုးမောင်၊ ပန်းချီ သန့်စင်၊ ပန်းချီ စင်ဒီကြင်၊ ပန်းချီ ကောင်းကောင်းတို့၏ လက်ရာစုံ၊ အရောင်အသွေးစုံ ပန်းချီကားများ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆ ×၂၄) လက်မ၊ (၂၄ ×၂၄) လက်မ၊ (၁၈ ×၂၄) လက်မ၊ (၁၈ × ၁၈)လက်မစသည့် အရွယ်အစားစုံ ပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းမှာ ငွေကျပ်ခုနစ်သိန်းမှ ငွေကျပ်သိန်း ၄၀ ထိ ရှိကြောင်း သိရသည်။ ASH

# ၂၀၁၉၊ ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အကယ်ဒမီရွေးကြိုမောင်မယ် ၂၂ ဦး ပဏာမရွေးချယ်

**ရန်ကုန် မတ် ၂၄**

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အကယ်ဒမီ ရွေးကြိုမောင်မယ် ၂၂ ဦးကို ပဏာမရွေးချယ်ထားကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို လာမည့် မေလအတွင်း နေပြည်တော်တွင် ကျင်းပသွားရန်ရှိသည့်အတွက် အကယ်ဒမီ ရွေးကြိုမောင်မယ်များကို မတ် ၁၃ ရက်မှ စတင်ကာ လျှောက်လွှာများ ခေါ်ယူထားခြင်းဖြစ်ပြီး လတ်တလောတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အကယ်ဒမီ ရွေးကြိုမောင်မယ် ၂၂ ဦးကို ပဏာမရွေးချယ်ထားပြီးဖြစ်ကြောင်း သိရသည်။



“လာမဲ့မေလမှာ နေပြည်တော်မှာ သုံးနှစ်စာအတွက် အကယ်ဒမီထူးချွန်ဆုပေးပွဲ ကျင်းပသွားဖို့ရှိပါတယ်။ အကယ်ဒမီရွေးကြိုတွေကို ၂၀၂၀ ပြည့်နှစ်တုန်းက အဆင့်ဆင့် ရွေးချယ်ထားခဲ့ပေမဲ့ အကယ်ဒမီဆုပေးပွဲကို မကျင်းပဖြစ်ခဲ့ပါဘူး။ အခု ကျင်းပဖြစ်တဲ့အခါမှာ ထပ်မံခေါ်ယူရတာဖြစ်ပါတယ်။ အရင်ရွေးချယ်ထားတဲ့သူတွေအပါအဝင် ၂၂ ယောက်ကို ပဏာမရွေးချယ်ထားပါတယ်။ အပြီးသတ်ရွေးချယ်တာကတော့ မတ် ၂၉ ရက်မှာ ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။ ASH

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် နွေရာသီအခြေခံပန်းချီသင်တန်း ဖွင့်လှစ်သင်ကြားပေးမည်

**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် အခြေခံပညာမူလတန်းကလေးများအတွက် နွေရာသီအခြေခံပန်းချီသင်တန်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပန်းချီပန်းပုပညာရှင်များအစည်းအရုံး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်မှ ဗဟိုအလုပ်အမှုဆောင် ပန်းချီအောင်သက်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ အခြေခံပညာမူလတန်းကလေးများအတွက် နွေရာသီ အခြေခံပန်းချီသင်တန်းကို ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပေးသွားမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူဦးရေ ၃၀ လက်ခံကာ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ ရွာမကျောင်းတိုက်ကြီးတွင် ဧပြီ ၁ ရက်မှစတင်၍ ဧပြီ ၇ ရက်ထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အတွင်းက အခြေခံပညာမူလတန်းကျောင်းမှာ သင်ကြားနေတဲ့ ကျောင်းသား၊ ကျောင်းသူတွေထဲက စိတ်ပါဝင်စားပြီးတော့ အချိန်ပေးသင်တန်းတက်ရောက်လိုသူ သားငယ်၊ သမီးငယ်တွေကို ဖေဖော်ဝါရီလကတည်းက ဖိတ်ခေါ်ထားပြီးဖြစ်ပါတယ်။ သင်တန်းမှာ လိုအပ်တဲ့ သင်ထောက်ကူ ပစ္စည်းတွေကို အခမဲ့ပံ့ပိုးပေးမဲ့အပြင် ထမင်းနဲ့မုန့်လဲကျွေးပါမယ်။ လာရောက်ပို့ချပေးမဲ့ ဆရာ၊ ဆရာမတွေကတော့ မြန်မာနိုင်ငံ ပန်းချီပန်းပုပညာရှင်များအစည်းအရုံး(ဗဟို)က ဖြစ်ပါတယ်”ဟု ပန်းချီအောင်သက်ခိုင်က ပြောပြသည်။

အဆိုပါသင်တန်းတွင် ပန်းချီရေးဆွဲနည်းများ၊ မျဉ်းအကြောင်း၊ ဆတိုး၊ ဆခွဲနည်း (မျက်လုံး၊ နား၊ နှာခေါင်း၊ ပါးစပ်)၊ ခန္ဓာကိုယ်ရေးဆွဲနည်း၊ သစ်ပင်ပန်းမာလာရေးဆွဲနည်း၊ အနီးအဝေးပညာ၊ အရာဝတ္ထုရေးဆွဲနည်းများကို အခမဲ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Ghostbusters: Afterlife ၏ နောက်ဆက်တွဲဇာတ်ကား ရိုက်ကူးနေ

**နယူးယောက် မတ် ၂၄**


Ghostbusters: Afterlife ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို တရားဝင်စတင်နေပြီဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က မတ် ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

တရားဝင်ဇာတ်ကားနာမည် မပေးရသေးသည့် အဆိုပါဇာတ်ကား ရိုက်ကူးရေးလုပ်ငန်း စတင်မှုကို ဆိုနီရုပ်ရှင်ကုမ္ပဏီက တွစ်တာစာမျက်နှာ၌ အတည်ပြုထားသည်။

Ghostbusters: Afterlife နောက်ဆက်တွဲဇာတ်ကား၌ မူလဇာတ်ကားမှ အဓိကသရုပ်ဆောင်များ ပြန်လည်ပါဝင်လာနိုင်ကြောင်း၊ လက်ရှိတွင် အဆိုပါဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ghostbusters: Afterlife နောက်ဆက်တွဲဇာတ်ကားကို ဒါရိုက်တာ ဂျီးကီနန်နှင့် ဂျေဆင်ရိုက်မင်းတို့က တာဝန်ယူရိုက်ကူးနေကြောင်း၊ အဆိုပါဇာတ်ကားကို ယခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

KKO



# Mother Mary ဇာတ်ကား၌ အန်နီဟေသာဝေးနှင့် မိုက်ကေလာကိုးတို့ ပါဝင်မည်

**နယူးယောက် မတ် ၂၄**

Mother Mary အမည်ရှိ ပေါ့ပ်ဂီတရုပ်ရှင်ဇာတ်ကား၌ အော်စကာဆုရှင်မင်းသမီး အန်နီဟေသာဝေးနှင့် မိုက်ကေလာကိုးတို့ ပါဝင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မတ် ၂၃ ရက်တွင် ရေးသားတင်ပြထားသည်။

Mother Mary ဇာတ်ကားသည် စိတ်ကူးယဉ်တတ်သည့် ဂီတပညာရှင်တစ်ဦးနှင့် ၎င်း၏ ဖက်ရှင်ဒီဇိုင်နာတို့ကြား ဆက်ဆံရေးကို ပုံဖော်ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားတွင် ဂီတပညာရှင်အဖြစ် အန်နီဟေသာဝေးက သရုပ်ဆောင်မည်ဖြစ်ပြီး ဖက်ရှင်ဒီဇိုင်နာအဖြစ် မိုက်ကေလာကိုးက သရုပ်ဆောင်မည်ဖြစ်သည်။

Mother Mary ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်လိုဝီရီက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Mother Mary ဇာတ်ကားကို ဂျာမနီနိုင်ငံတွင် ရိုက်ကူးထုတ်လုပ်ရန် A 24 ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း၊ လက်ရှိတွင် Mother Mary ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို A 24 ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO





# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing holds coordination meeting with SAC members, Union ministers, region/state chief ministers, self-administered division/zone leading committee chairmen


Senior General Min Aung Hlaing holds coordination meeting with Union ministers, region/state chief ministers, self-administered division/zone leading committee chairmen.

**Nay Pyi Taw March 24**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing held a coordination meeting with SAC members, Union ministers, region/state chief ministers, self-administered division/zone leading committee chairmen at the meeting hall of his office this morning.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, SAC Secretary Lt-Gen Aung Lin Dway, SAC Joint Secretary Lt-Gen Ye Win Oo, SAC members General Mya Tun Oo, Admiral Tin Aung San, Lt-Gen Moe Myint Tun, Lt-Gen Yar Pyae, U Wunna Maung Lwin, Daw Dwe Bu, Poe Rei Aung Thein, Mahn Nyein Maung, Dr Hmu Htan, U Maung Ko, Dr Aung Kyaw Min, Dr Kyaw Tun, Khun San Lwin, U Shwe Kyein and U Yan Kyaw, the Union auditor-general, the Union Civil Service Board chairman, the Central Bank of Myanmar governor, the Nay Pyi Taw Council chairman, deputy ministers and officials.

The Senior General said a nation has to adopt political, economic, administrative, international relations and defence programs for its development. SAC adopted the five-point Roadmap and 12 Objectives while assuming Stat duties. Hence, the national level tasks should be carried out in all seriousness.

The current government assumed State duties after declaring State of emergence in February 2021 due to vote rigging in 2020 multiparty general election. The government is working for the betterment of the country with sincerity, and its accomplishments will go down in the annals of history. Hence, all should serve their duties with sincerity.

During the time when SAC started to assume duties there were expressions of political disagreements, but later, disturbances, violence and killings broke out. Hence, persons responsible for the rule of law and security have to control the situation. In that time, certain EAOs taking the situation as an opportunity encouraged and supported terrorists. The result was the occurrence of mine attacks, terrorist lootings and killings, attacks against security forces, torching office buildings, and brutally killing of innocent people and civil servants. Covid-19 infection was at its height during the time, but the government could bring down infection rate and death date through prevention, control and treatment programs carried out amidst the many difficulties. It could overcome Covid-19 pandemic. The number of terrorist attacks fell after April 2022. The country was able to ensure food sufficiency thanks to the productive farming industry.

When SAC assumed state duties, some internal and external organizations with political differences intentionally tried to break down the government administrative machinery and banking system. SAC had to keep the banking system from falling and could restore its functions and money circulation by mid-2022.

The national economy was in gradual downturn since Covid-19 infection started in 2020. The nation saw 5.9% GDP drop in fiscal year 2020-2021 due to the previous government's weakness in economic support and administration. SAC carried out farming businesses with continuous momentum amidst the difficulties, and the country saw 2.4% GDP rise in the first six months of fiscal year 2021-2022 from October to March. The national economy grew by 2.4% after showing minus 5.9%. In fiscal year 2022-2023, the country saw 3.4% economic growth. National economic growth will continue, according to financial officials.

National economic growth is the result of goodwill efforts of SAC. The country possesses favourable conditions for the success of farming-based businesses. Hence, land resources should be effectively used through systematic management. Majority of farmers grow rice – about 15 million acres of monsoon paddy and about three million acres of summer paddy. Of the 15 million acres of monsoon paddy, permanent cultivation fields account for 13.2 million acres and the remaining are seasonal, hill and other cultivation fields. Of the 13.2 million acres of paddy, single cropping is carried out on about five million areas, and efforts should be made to put those fields under mixed-cropping. Likewise beans and edible oil and other crops should be grown. Rice, beans and oil crop yields must hit their respective targets, and the land must be effectively used.

In the cooking oil sector, the country spends a large sum of foreign exchange in importing cooking oil annually. So, the Senior General said he constantly urges all to develop cultivation and production of oil crops. If the agriculture sector is undertaken with quality strains, fertile soil, water and agricultural techniques, agricultural tasks will have success. It is necessary to prioritize cultivation tasks to meet the target and exceed it. For the second point, if the uncultivable lands can be reclaimed as cultivable lands, the volume of agricultural produce will increase much.

Regarding the cultivation sunflower, sunflower oil is not included in the primary cooking oil list of the nation. People consume groundnut and sesame oils in the past. Later, they consume palm oil which is cheap but consumption of sunflower oil is lesser. The hybrid sunflower in the country yields more than 50 baskets per acre, producing some 140 visses. If such kinds of sunflower can be extended, it will fulfill the requirement of cooking oil. If domestic consumption is not sufficient for cooking oil, spending of FE amount will decline, contributing to the development of the nation. So, region and state chief ministers need to emphasize cultivation and production of oil crops.

In cultivation of paddy, if paddy can be grown with quality strains, fertile soil, water and techniques to have larger per-acre yield for meeting the target, its per-acre yield will increase. If each acre of paddy yield five more baskets, 13.2 million acres of paddy field will produce 66 million more baskets. If one basket of paddy is valued at K10,000, income will reach K660 billion. If one basket of paddy is valued at K15,000, its income will be K990 million. If five more baskets per acre can yield, farmer can earn increased income. So also, the circulation money will rise in the country and the State economic will develop more. And, the GDP of the State will increase.

*See Page 13*

*From Page 12*

If paddy which is sufficiency for the State can be exported, the country will bag foreign exchange. If so, more essential goods can be imported by spending foreign exchange. Hence, all officials need to analyze the long term plans in doing businesses.

Cotton is one of the main crops of the nation, and it is placed on 450,000 acres of cropland. In 2011, cotton was cultivated on 800,000 acres of land. But, sown acreage of cotton declined due to various reasons. Last year, cotton yielded 438.5 visses per acre and the whole country produced 198.7 million visses of cotton. Currently, the country needs 363 million visses of cotton. So, it can be seen that the country demands some a half weight of cotton. If the farmers try to produce 700 visses per acre of cotton, import volume of cotton can be reduced. Hence, regions and states need to fulfill the need of growers to cultivate cotton as the previous sown acreage. It is necessary to fulfill the needs of cotton growers. Myanmar relies on long staple cotton, and growers need to produce quality long staple cotton. As products are not qualified, necessary threads are imported. Hence, officials need to develop cultivation of cotton. Arrangements must be made for extending the sown acreage of cotton, ensure correct cultivation, meet the per-acre yield and distribute quality strains of cotton to local growers. Growers, businesspersons and the government need to cooperate with each other in distribution of quality cotton strains and production of quality cotton wool. The government is striving for seeking the modern techniques and quality strains of cotton from foreign countries to meet the local demand. Local growers and officials need to strive for higher production of cotton.

Likewise, there are 132,500 acres of wheat across the nation. Sagaing Region cultivates the largest sown acres of wheat, followed by Shan State. It is necessary to increase per-acre yield of wheat and produce quality strains of wheat. Myanmar uses flour imported for making foodstuffs. Domestic flour is low quality. Hence, it is necessary to change the cultivation and production of wheat. Myanmar people primarily consume rice. If they change consumption with wheat as a meal a day, it will affect the growth of body. Local authorities need to consider agricultural sector. They have to efficiently utilize land resources in their regions. They have to make land preparations and supply of water for increasing the agricultural produce. If they do not have sufficient agricultural produce, they will have to buy it outside and their money circulation will decline. As it can affect regional development, they all need to consider such issue.

In connection with livestock breeding, cattle are reared mostly by using pasture breeding methods in the country. Breeding animals in enclosures by feeding them properly is the best method in livestock breeding. Therefore, it is necessary to change the livestock breeding method and to carry out systematic modern livestock breeding. If livestock breeding can be carried out successfully, waste from livestock breeding farms can be used beneficially in agricultural farms, which will be successful. Therefore, by carrying out agriculture and livestock breeding tasks, economic development of the country must be implemented.

If all of us can manage the agriculture and livestock breed sector of the country, two national objectives of prosperity of the country and security of food, water and basic needs can be achieved. Will the country be prosperous only when its citizens earn incomes and production of food and basic needs is efficient. Therefore, measures are being taken for the prosperity of the country and security of food, water and basic needs and resources in the country must be used beneficially. As development of the country can be achieved only through production, domestic production is being encouraged without fail. Therefore, the government has been encouraging MSMEs since last year. Establishing industries based on raw materials produced from agriculture and livestock breeding farms amounts to implementing sound businesses. Measures are being taken to fulfill electricity needs, one of the essential requirements.

As regards oil, despite abundant natural resources it is necessary to regulate activities that exploit resources without following disciplines. As for fuel oil, as the country has to import fuel oil and its products worth more than US$ 6 billion every year, the consumption of fuel oil must be curbed. In connection with steel, there are only two large steel plants although iron ore is available in the country. Myanmar needs 3 million tons of steel annually especially for the construction industry. It is necessary to invite local entrepreneurs to manufacture steel at home and to encourage them to manufacture steel from iron ore. In addition to steel, related cement production for the construction industry and other related activities like coal mining must be encouraged.

Moreover, it is important to effectively regulate exploitation of natural resources above and under the ground such as gold mining and logging in accordance with relevant rules and regulations and prevent illegal exploitation of natural resources. In exploitation of natural resources, systematic measures must be taken to prevent undesirable wastage and to utilize natural resources beneficially. For the sustainability of trees and forests, replanting trees and systematic conservation must be carried out.

In implementing the future tasks and objectives adopted, successful implementation of economic objectives by taking measures for development of industries based on agriculture and livestock breeding farms will contribute to implementation of other objectives. A country has to function by the political driving force, the economic driving force and the defence driving force. Among them, the economic driving force is the most essential. Only when the economic driving force is strong, can the political and defence driving forces be built and two objectives of prosperity of the country and security of food, water and basic needs be achieved.

Then, chief ministers of states and regions and chairmen of self-administered divisions and zones reported to the Senior General on measures being taken for agriculture and livestock breeding, regional development, education, health, transportation development, drinking and agricultural water supply, taxation, conservation of forests, introduction of electric vehicles, construction and completion of charging stations, arrivals of foreign and domestic tourists, development of the sports sector, offering loans to agriculture and livestock breeding farms and MSMEs from the state economic promotion fund, development of MSME, implementation of one region one product program, agricultural production for food security, investment and employment in respective regions, COVID-19 vaccination, teaching and learning activities in universities and colleges and tasks needed to be implemented by the union government.

After the reports, union ministers and responsible officials from relevant sectors responded to the reports.

Then, the Vice Chairman of the SAC Deputy Prime Minister said states, regions, self-administered divisions and zones are required to spend the state economic promotion funds granted by the union government beneficially. Systematic measures must be taken to offer the loans to genuine investors and to receive timely repayments so that the funds will not be lost.

After giving necessary instructions after hearing the reports, the Senior General made a concluding remark saying that the respective ethnic areas in our country need to maintain their cultures, traditions, music and costumes. There has been a law in relation to ethnic languages. There is difficulty in coping with the teaching process because of a lack of Myanmar language understanding. Only if Myanmar literature and language which is officially used in our country are to be taught without fail, study and doing jobs will be smooth. Teachers need to teach the young students in the ethnic regions until they are really well-versed.

Basic education schools reopened since 2020-2021 academic year. But the school enrolment rate was lower than before the COVID-19 period and that can affect education promotion efforts. There are also lower numbers of students taking matriculation examination. It is true that insecurity affects teaching in some areas. But some regions with peace and tranquility still see lower enrolment rates. All responsible people are to work together to promote the education standard of all students across the country. Now is a summer holiday for students. To pass the holiday beneficially, summer courses such as cultural and religious ethnics, English, computer and others should be conducted for the students who also need to review the lessons they were taught in the previous academic year. Concerted efforts must be made for brighter future of our children.

The Myanmar traditional Thingyan period is coming soon. So, fun fairs should be held during the period without harming the tradition and culture. The chief ministers of respective regions and states need to hold the festival safely and on a grand scale.

When it comes to traffic enforcement, the State is adopting a plan to wipe out unlicensed vehicles. Seized vehicles are also being destroyed. Meanwhile, supervisory measures are being taken to prevent illegal import, sale and driving of unlicensed vehicles. Such illegal acts affect State revenues. Moreover, peace and stability is being harmed due to terrorism acts with the use of unlicensed vehicles. So, the regions and states are to take supervisory measures for that. Vehicle number plates must also be replaced with new ones

More districts were established to facilitate administrative measures. Region and state chief ministers are to take supervision to facilitate departmental work in those districts.

There are labour shortages in agricultural activities. So, modern machinery should be used to solve the problem. Crops that need domestic demand must be grown. Turning crops into value-added products rather than export of raw materials is more productive and effective. Foodstuffs as well as animal food can be produced from maize. Therefore, maize cultivation needs to be encouraged for both domestic and foreign markets.

Capital is being provided from the State economic development fund for MSMEs to improve themselves by improving agriculture, a major income source of the country. The chief ministers need to try to achieve success in agricultural and livestock breeding activities with those capital loans given by the State. Those loans are not for the good individuals or an organization but for the good of the whole country.

With irrigation water shortages, famers in some regions have difficulty carrying out their farming work. Implementing river-water pumping projects funded by the State through solar power will benefit their own regions.

Responsible officials need to take supervisory measures to keep the towns and cities neat and pleasant. Our country has yet to meet domestic need for electricity. So it is necessary to save power usage. Likewise, reduction in fuel usage will also cut foreign exchange spending. To reduce fuel dependency, permission has been given for electric cars by lowering taxes. The region and state chief ministers need to ensure projects are implemented in a correct and successful way and in accord with the prescribed rules and regulations.

After the meeting, the Senior General presented Ks-10 billion each for Sagaing and Magway regions and Ks8 billion each from the State economic development fund for Bago, Mandalay, Yangon and Ayeyawady regions to the respective chief ministers for MSME development. 100

# Parade columns rehearse in full dress for 78th Anniversary Armed Forces Day Parade


Vice-Senior General Soe Win inspects full dress rehearsal of Armed Forces Day Parade.

**Nay Pyi Taw March 24**

The parade columns who will be participating in the parade of the 78th Anniversary of Armed Forces Day which falls on March 27, 2023 had a full-dress rehearsal this morning at the Nay Pyi Taw military parade ground.

According to the military parade agenda, the columns of Anawrahta, Kyansittha, Bayintnaung, Aung Zeya, Hsinbyu Shin, Bandoola and Aung San gathered at the Thittat ground and then marched towards the parade ground along with the military band playing and singing military songs.

Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, along with General Mya Tun Oo of Ministry of Defence, Chief of General Staff (Army, Navy, and Air) General Maung Maung Aye who is Chairman of the Leading Committee for Organizing the Armed Forces Day, Commander-in-Chief (Navy) Admiral Moe Aung, Commander-in-Chief (Air) General Tun Aung, senior military officers, the Chairman of Management Committee for the Armed Forces Day, Commander of Nay Pyi Taw Command Maj-Gen Zaw Hein and officials, inspected the full-dress rehearsal, coordinated with the officials and attended to the needs.

Officers and other ranks of Tatmadaw (Army, Navy and Air) and Myanmar Police Force, women's Tatmadaw members, women's special task forces, Tatmadaw (Army)'s mechanized forces, Tatmadaw(Navy)'s mechanized forces and fighters and helicopters of Tatmadaw (Air) participated in the full-dress rehearsal. 100

# 58th Myanmar Gems Emporium 17-27 March

**Nay Pyi Taw March 24**

The Central Committee for Organizing the Myanmar Gems Emporium issued a press release on 15 March that gem merchants may attend the 58th Myanmar Gems Emporium for 2023.

The emporium will last from 17 to 27 March 2023 at the Mani Yadana Jade Hall in Nay Pyi Taw under the supervision of the Ministry of Natural Resources and Environmental Conservation.

The emporium will showcase jade, gems and pearl lots on sale for local and foreign gem merchants.

Myanmar gem miners holding licence under the Myanmar Gems Law, Myanmar citizen gem entrepreneurs holding work licence are allowed to attend for purchase of gems lots.

They may dial the head offices of Myanmar Gems Enterprise in Nay Pyi Taw and Myanmar Pearl Enterprise in Nay Pyi Taw for further information.

Myanmar earned US$ 320,722 million from the sales of jade and gem lots from 1 April 2022 to 3 March 2023 in the 2022-23 fiscal year. During the period, private sector and government sector exported minerals including gems to foreign market.

As such, the private sector secured US$298.30 million from export of gems and the government sector, US$22.41 million. Hence, earnings of the private sector exceeded US$275.88 million rather than the government sector, from export of jade, gems and minerals to the foreign market. 336

# More than 1,800 small scale industries allowed to take registration in January 2023

**Nay Pyi Taw March 24**

The Ministry of Cooperatives and Rural Development recently stated that it has allowed registration of more than 1,800 small scale industries in January 2023.

The Small Scale Industries Department under the ministry serves registration of small scale industries, helping them to manufacture quality products and cooperation with internal and external organizations to conduct necessary vocational courses.

Moreover, it arranges establishment of the laboratory to conduct tests for products of small scale industries as part of controlling their quality.

Up to the end of February 2023 of the 2022-23 fiscal year, the department allowed registration of 2,173 small scale industries.

In 2022-23 fiscal year, the department allowed registration of 96 small scale industries in April 2022, 73 in May, 228 in June, 138 in July, 181 in September, 237 in October, 232 in November, 259 in December, 171 in January and 299 in February, totalling 2,173.

In April and May 2022, the department cancelled registration of 256 small scale industries, 19 in June, two in August, eight in September, 29 in October, 220 in November, 48 in December, one in January 2023 and 102 in February, totalling 685.

A total of 17,503 small scale industries were registered in 2021-22 fiscal year and 2,173 in 2022-23 FY, totalling 18,676.

But, 685 small scale industries were cancelled in 2022-23 fiscal year. Hence, there are 18,991 registered small scale industries across the nation. 336


Photo shows a shoe-making business. The Myawady Daily

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.



**နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဒေသအလိုက် ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ မန္တလေးတိုင်းဒေသကြီး အတွက် ငွေကျပ် ရှစ်ဘီလီယံကို ပေးအပ်စဉ်။**

**စာမျက်နှာ ၁၇ မှအဆက်**

**စားသောက်မှုပုံစံကိုပြောင်းလဲ၍ ဂျုံကို နေ့စဉ်တစ်နပ်နှုန်းဖြင့် ထည့်သွင်းစားသုံးမည်ဆိုပါက မိမိတို့နိုင်ငံသားများ၏ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှုကို အထောက်အကူပြုစေနိုင်မည်ဖြစ်**ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာဒေသများအနေဖြင့် စဉ်းစားသုံးသပ် ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသအလိုက် မိမိတို့ရရှိထားသည့် မြေသယံဇာတများကို အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ မြေကိုကောင်းမွန်မှုရှိအောင် ပြုပြင်ခြင်း၊ ရေရရှိအောင်ဆောင်ရွက်ခြင်းတို့ဖြင့် ဒေသအလိုက် စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်ထွက်ရှိနိုင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ဒေသမှ စိုက်ပျိုးရေးထုတ်ကုန် လုံလောက်မှုမရှိပါက ပြင်ပမှ ဝယ်ယူသုံးစွဲရမည်ဖြစ်ပြီး ဒေသတွင်းလည်ပတ်သုံးစွဲငွေများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ထိခိုက်စေနိုင်မည်ဖြစ်သဖြင့် စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ **မိမိတို့နိုင်ငံတွင် မွေးမြူရေးဆောင်ရွက်မှုများကို စားကျက်မြေများတွင် လွှတ်မွေးသည့်စနစ်ဖြင့် အများဆုံးမွေးမြူကြ**ကြောင်း၊ **မွေးမြူရေးစနစ်တွင် လှောင်၍ မွေးမြူပြီး အစာကောင်းမွန်စွာ ကျွေးမွေးသည့်စနစ်သည် အကောင်းဆုံးဖြစ်**ကြောင်း၊ ထို့ကြောင့် မွေးမြူရေးစနစ်ကိုလည်း ပြုပြင်ပြောင်းလဲ၍ နည်းစနစ်ကျသည့် ခေတ်မီမွေးမြူရေးစနစ်ကို ဆောင်ရွက်ကြစေလိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ပါက မွေးမြူရေးလုပ်ငန်းများမှ စွန့်ပစ်ပစ္စည်းများကိုလည်း စိုက်ပျိုးရေးလုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ပြီး အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို စနစ်တကျဖြင့် အောင်မြင်အောင် စီမံဆောင်ရွက်နိုင်မည်ဆိုပါက အမျိုးသားရေးမျှော်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်ကြောင်း၊ **နိုင်ငံသူ၊ နိုင်ငံသားများ ဝင်ငွေရှိမှသာလျှင် တိုင်းပြည်သာယာဝပြောမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် တိုင်းပြည်အတွင်း စားရေရိက္ခာထုတ်လုပ်မှု ကောင်းမွန်ရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ဖော်ဆောင်နေခြင်းဖြစ်ပြီး မိမိတို့နိုင်ငံ၏ ရှိရင်းစွဲအရင်းအမြစ်များကို အကျိုးရှိရှိအသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုရှိမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို မဖြစ်မနေအားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ယခင်နှစ်မှစ၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြည်တွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ခိုင်မာသည့် စီးပွားရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ မဖြစ်မနေလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်စွမ်းအား လိုအပ်ချက်ပြည့်မီစေရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း။

ရေနံနှင့်ပတ်သက်၍ သယံဇာတများစွာရှိပြီးဖြစ်သဖြင့် စည်းကမ်းစနစ်တကျမရှိဘဲ တူးဖော်ထုတ်လုပ်နေမှုများကို ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **လောင်စာဆီနှင့် ပတ်သက်၍ ရေနံနှင့် ရေနံထွက်ပစ္စည်းများကို နှစ်စဉ် အမေရိကန်ဒေါ်လာသန်း ၆၀၀၀ ကျော်ဖိုးခန့် ဝယ်ယူတင်သွင်းရလျက်ရှိသဖြင့် လောင်စာဆီသုံးစွဲမှုများကိုလည်း ထိန်းသိမ်းဆောင်ရွက်ကြစေလို**ကြောင်း၊ သံမဏိလုပ်ငန်းနှင့်ပတ်သက်၍ **မိမိတို့နိုင်ငံတွင် သံရိုင်းများထွက်ရှိပြီး သံမဏိစက်ရုံအကြီး နှစ်ရုံသာရှိ**ကြောင်း၊ **နှစ်စဉ်သံမဏိတန်ချိန်သုံးသန်းခန့် လိုအပ်ချက်ရှိနေပြီး ဆောက်လုပ်ရေးလုပ်ငန်းများတွင် အဓိကလိုအပ်ချက်ရှိ**ကြောင်း၊ ထို့ကြောင့် **သံမဏိထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များကို ဖိတ်ခေါ်ဆောင်ရွက်နိုင်သဖြင့် အလေးထားအားပေး ဆောင်ရွက်ကြစေလို**ကြောင်း၊ သံရိုင်းထုတ်လုပ်သည့်အဆင့်မှ သံမဏိထုတ်လုပ်သည့်အဆင့်ထိ ဆောင်ရွက်နိုင်ရေး အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် သံမဏိအပြင် ဘိလပ်မြေထုတ်လုပ်သည့် လုပ်ငန်းများ၊ ဆက်စပ်လုပ်ငန်းဖြစ်သည့် ကျောက်မီးသွေးထုတ်လုပ်မှု လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ကြစေလိုကြောင်း။

> **နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ဖြင့် လည်ပတ်ဆောင်ရွက်ရပြီး ၎င်းမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်၊ စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာ နိုင်ငံရေးနှင့်ကာကွယ်ရေး မောင်းနှင်အားတို့ကို တည်ဆောက်နိုင်မည်ဖြစ်ပြီး အမျိုးသားရေး မျှော်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို လည်း ဖော်ဆောင်နိုင်မည်ဖြစ်. . .**

ထို့ပြင် ရွှေတူးဖော်ခြင်း၊ သစ်ထုတ်လုပ်ခြင်း အစရှိသည့် နိုင်ငံတော်၏ မြေပေါ်မြေအောက် သယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် သတ်မှတ်စည်းမျဉ်းစည်းကမ်း နည်းဥပဒေများနှင့်အညီသာ ထုတ်ယူသုံးစွဲစေရေး၊ တရားမဝင်ထုတ်ယူသုံးစွဲမှုများမရှိစေရေး ထိထိရောက်ရောက် ထိန်းသိမ်း ကြပ်မတ်ကြစေလိုကြောင်း၊ ထုတ်ယူသုံးစွဲရာတွင်လည်း မလိုလားအပ်ဘဲ လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျဆောင်ရွက်စေလိုပြီး အကျိုးရှိရှိအသုံးချစေလိုကြောင်း၊ **သစ်ပင်သစ်တောများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက်လည်း သစ်ပင်စိုက်ပျိုးခြင်းများနှင့် စနစ်တကျ ထိန်းသိမ်းခြင်းများကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်**ကြောင်း။

မိမိတို့အနေဖြင့် ချမှတ်ထားသည့် ရွှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်၍ စီးပွားရေးဦးတည်ချက် အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် အခြားဦးတည်ချက်များကိုပါ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ **နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ဖြင့် လည်ပတ်ဆောင်ရွက်ရပြီး ၎င်းမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ်**ကြောင်း၊ **စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာ နိုင်ငံရေးနှင့်ကာကွယ်ရေး မောင်းနှင်အားတို့ကို တည်ဆောက်နိုင်မည်ဖြစ်ပြီး အမျိုးသားရေးမျှော်မှန်းချက် နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်**ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဥက္ကဋ္ဌများက စိုက်ပျိုးမွေးမြူရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ သောက်သုံးရေနှင့် စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး ဆောင်ရွက်နေမှု၊ အခွန်အကောက်ငွေများ ကောက်ခံရရှိမှု၊ သစ်တောများ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များ စတင်အသုံးပြုလျက်ရှိမှုနှင့် အားသွင်းစခေရှင်များ တည်ဆောက်ပြီးစီးမှုနှင့် တိုးချဲ့တည်ဆောက်နေမှု၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များဝင်ရောက်မှု၊ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများအတွက် ချေးငွေများထုတ်ချေးပေးနေမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဒေသတစ်ခုထွက်ကုန်တစ်ခု (One Region One Product) ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ စားနပ်ရိက္ခာဖူလုံမှုရှိစေရေး စိုက်ပျိုးထုတ်လုပ်နေမှုအခြေအနေ၊ ဒေသအလိုက် ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင်ရရှိမှု၊ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးစီးမှု၊ တက္ကသိုလ်ကောလိပ်များ ဖွင့်လှစ်သင်ကြားပေးနေမှုနှင့် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးရန်လိုအပ်သည့် ကဏ္ဍများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် တိုင်းများအနေဖြင့် နိုင်ငံတော်ကထုတ်ပေးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများကို အကျိုးရှိရှိအသုံးပြုကြရန်လိုကြောင်း၊ အဆိုပါငွေများကို အမှန်တကယ်ရင်းနှီးမြှုပ်နှံသူများလက်သို့ ရောက်ရှိစေရေး စနစ်တကျဆောင်ရွက်ရန်နှင့် ထုတ်ပေးထားသည့် ငွေများမပျောက်ပျက်စေရေးနှင့် သတ်မှတ်ကာလအတွင်း မှန်မှန်ကန်ကန်ပြန်လည်ပေးဆပ်စေရေး ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်း တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံရှိ တိုင်းရင်းသားဒေသများအလိုက် မိမိတို့ရိုးရာယဉ်ကျေးမှုများ၊ ဂီတနှင့် ဝတ်စားဆင်ယင်မှုများကို ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းရင်းသားဘာသာစကားနှင့်ပတ်သက်၍လည်း ဥပဒေအရခွင့်ပြုပေးထားကြောင်း၊ မြန်မာစကားကိုနားမလည်ခြင်းကြောင့် စာပေသင်ကြားမှုတွင် အခက်အခဲဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံရှိ ရုံးသုံးဘာသာစကားဖြစ်သည့် မြန်မာစာပေနှင့် မြန်မာစကားကို မဖြစ်မနေသင်ကြားတတ်မြောက်ထားမှသာ ပညာသင်ကြားမှုနှင့် အလုပ်အကိုင်များဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားဒေသများရှိ ကျောင်းသား၊ ကျောင်းသူကလေးငယ်များ မြန်မာစာပေကို သင်ကြားမှုအဆင်ပြေစေရေးအတွက် မြန်မာဘာသာရပ်ကိုသင်ကြားပေးသည့် ဆရာ၊ ဆရာမများအနေဖြင့် အမှန်တကယ် တတ်မြောက်အောင် သင်ကြားပေးရန်လိုကြောင်း။

ပညာသင်ကြားရေးနှင့် ပတ်သက်၍ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှစတင်၍ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း၊ သို့သော် ကျောင်းအပ်နှံသူ ကျောင်းသားဦးရေမှာ ယခင်ကိုဗစ်-၁၉ မဖြစ်ပွားမီအချိန်ကထက် လျော့နည်းနေသည်ကိုတွေ့ရှိရသဖြင့် ပညာရည်မြှင့်တင်မှုကို ထိခိုက်စေနိုင်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူများလည်း လျော့နည်းလာသည်ကို တွေ့ရှိရကြောင်း၊ အချို့သောနေရာဒေသများတွင် လုံခြုံမှုအရ ပညာသင်ကြားမှုကို ထိခိုက်သည်မှန်သော်လည်း အချို့သောဒေသများတွင် တည်ငြိမ်အေးချမ်းသော်လည်း ကျောင်းတက်ရောက်မှုရာခိုင်နှုန်းများ ကျဆင်းလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ **တစ်နိုင်ငံလုံးရှိ ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် တာဝန်ရှိသူများအားလုံးက** **စာမျက်နှာ ၁၉ သို့**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် တရုတ်နိုင်ငံရေအားလျှပ်စစ်၊ လေအားလျှပ်စစ်စီမံကိန်းများ ကြည့်ရှုလေ့လာ

**နေပြည်တော် မတ် ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုကို လေ့လာနိုင်ရန် တရုတ်နိုင်ငံ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၇ ရက်မှ ၂၂ ရက်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့နှင့်ပေကျင်းမြို့တို့သို့ သွားရောက်ခဲ့ကြသည်။

ထိုသို့သွားရောက်စဉ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၀ ရက် နံနက် ၁၀ နာရီတွင် ယူနန်ပြည်နယ်အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး တရုတ်ပြည်ကွန်မြူနစ်ပါတီ တွဲဖက်အတွင်းရေးမှူး ဝမ်ယူဘို ဦးဆောင်သော အုပ်ချုပ်ရေးအဖွဲ့နှင့် ကူမင်းမြို့ရှိ ယူနန်ပြည်နယ်အစိုးရ၏ ဧည့်ရိပ်သာတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ပြုလုပ်သည်။ ထိုသို့ ပြုလုပ်ရာတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က မိမိတို့နိုင်ငံတွင် ရေအား၊ နေရောင်ခြည်၊ လေအားနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် အရင်းအမြစ်များရှိ၍ ထပ်မံရင်းနှီးမြှုပ်နှံသူများလာရောက်နိုင်ရန် ဖိတ်ခေါ်လိုပါကြောင်း၊ရေအားတွင် အသေးစားရေအားလျှပ်စစ်မှစ၍ အကြီးစားရေအားလျှပ်စစ်များထုတ်လုပ်ရန် ဆွေးနွေးလျက်ရှိသည်များကိုလည်း ဆက်လက်အားပေးစေလိုပါကြောင်း၊ တရုတ်-မြန်မာနယ်စပ်ဖြတ်ကျော်လျှပ်စစ်ဓာတ်အားသွယ်တန်းခြင်းလုပ်ငန်းများကိုလည်း ၂၀၂၄ ခုနှစ်တွင် ရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် လိုအပ်သည်များကို ဆက်လက်ကူညီပံ့ပိုးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ယူနန်ပြည်နယ်အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူးက ယူနန်ပြည်နယ်သည် မြန်မာနိုင်ငံနှင့် အရှည်လျားဆုံးထိစပ်နေသော ပြည်နယ်ဖြစ်သည့်အလျောက် မြန်မာနိုင်ငံ၏ အခက်အခဲများအပေါ် နားလည်ပါကြောင်း၊ အထူးသဖြင့် စွမ်းအင်အသစ်ကဏ္ဍ နှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်ရန် ယူနန်ပြည်နယ်အစိုးရအနေဖြင့် မူအားဖြင့် ထောက်ခံလျက်ရှိပါကြောင်း၊ ဆက်လက်၍လည်း လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂၁ ရက် ညနေ ၃ နာရီတွင် ပေကျင်းမြို့ရှိ အမျိုးသားစွမ်းအင်စီမံအုပ်ချုပ်ရေးအဖွဲ့ (National Energy Administration-NEA)ရုံးချုပ်၌ အမျိုးသားစွမ်းအင်စီမံအုပ်ချုပ်ရေးအဖွဲ့ (NEA) ဒုတိယဥက္ကဋ္ဌ မစ္စတာရန်ဂျင်းဒန်နှင့်အဖွဲ့ကို တွေ့ဆုံဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မတ် ၁၈ ရက်တွင် ယူနန်ပြည်နယ် ချင်းဂျာမြို့အနီးရှိ စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၀၀၀ ၁၆ လုံးဖြင့် မဂ္ဂါဝပ် ၁၆၀၀၀ ထုတ်လုပ်နေသော ဘိုင်ဟေထန် ရေအားလျှပ်စစ်စက်ရုံစီမံကိန်း၏ တည်ဆောက်ထုတ်လုပ်နေမှုများကိုလည်းကောင်း၊ မတ် ၁၉ ရက်တွင် Yunnan Provincial Energy Investment Group (YEIG) ကုမ္ပဏီမှ မဂ္ဂါဝပ် ၃၉၀ ထုတ်လုပ်ပို့လွှတ်လျက်ရှိသော လေအားလျှပ်စစ်စီမံကိန်းများကိုလည်းကောင်း သွားရောက်လေ့လာခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ နိုင်ငံခြားဆက်ဆံရေးဌာနက ကြီးမှူးကျင်းပသော တရုတ်-မြန်မာ လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးစားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ကာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများဖြစ်သည့် ရွှေလီ(၁) ရေအားလျှပ်စစ်စီမံကိန်းဆောင်ရွက်နေသော ဟွာနန်းလန်းချန်းကုမ္ပဏီ၊ ရေအားလျှပ်စစ်စက်ရုံစီမံကိန်းများအတွက် ပစ္စည်းများပေးသွင်းနေပြီး လေအားလျှပ်စစ်စီမံကိန်း ထုတ်လုပ်လျက်ရှိသည့် YEIG ကုမ္ပဏီ၊ နေရောင်ခြည်စွမ်းအင်သုံးစက်ရုံစီမံကိန်းများ ဆောင်ရွက်လျက်ရှိသည့် ခီဒီးကုမ္ပဏီ၊ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများတွင် ဆောင်ရွက်လျက်ရှိသည့် China Southern Power Grid ကုမ္ပဏီ၊ ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်နေသော SPIC ကုမ္ပဏီ၊ Datang ကုမ္ပဏီ၊ CEEC ကုမ္ပဏီ၊ State Grid ကုမ္ပဏီတို့နှင့်တွေ့ဆုံခဲ့ပြီး ကုမ္ပဏီများ၏လိုအပ်ချက်၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



---

**စာမျက်နှာ ၁၈ မှအဆက်**

**ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လို**ကြောင်း၊ ယခုအခါနွေရာသီကျောင်းပိတ်ရက်သို့ ရောက်ရှိနေပြီဖြစ်ပြီး နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသား၊ကျောင်းသူများ ကျောင်းပိတ်ရက်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် ယဉ်ကျေးလိမ္မာသင်တန်းများ၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာနှင့် အခြားကလေးငယ်များအတွက် အကျိုးဖြစ်ထွန်းစေမည့် နွေရာသီသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းနှင့် ယခင်ပညာသင်နှစ်က သင်ကြားခဲ့ရသည့် သင်ခန်းစာများကို ပြန်လည်လေ့လာဖတ်မှတ်မှုများကို ဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့ပတ်ဝန်းကျင်ရှိ ကလေးငယ်များ အနာဂတ်လှပစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

မကြာမီကာလတွင် မြန်မာ့ရိုးရာသင်္ကြန်ကာလသို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ သင်္ကြန်ကာလတွင် ပျော်ပွဲရွှင်ပွဲများကို စည်းကမ်းတကျ မြန်မာ့ရိုးရာယဉ်ကျေးမှုကို မထိခိုက်စေဘဲ ကျင်းပဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ရိုးရာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် အန္တရာယ်ကင်းစွာ ကျင်းပနိုင်ရေး တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အလေးထားဆောင်ရွက်ကြစေလိုကြောင်း။

မော်တော်ယာဉ် စည်းကမ်းထိန်းသိမ်းမှုနှင့်ပတ်သက်၍ လိုင်စင်မဲ့မော်တော်ယာဉ်များပပျောက်စေရေး နိုင်ငံတော်အနေဖြင့် စီမံချက်ချ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ဖမ်းဆီးရမိသည့် မော်တော်ယာဉ်များကိုလည်း ဖျက်ဆီးဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ တရားမဝင်တင်သွင်းမှု၊ ရောင်းချမှုနှင့် စီးနင်းမှုများမဖြစ်စေရေး ကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း၊ **လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ တင်သွင်းခြင်း၊ ရောင်းချခြင်းနှင့် စီးနင်းခြင်းများကြောင့် နိုင်ငံတော်၏ အခွန်ငွေများကို ထိခိုက်စေသကဲ့သို့ အကြမ်းဖက်လုပ်ရပ်များလုပ်ကိုင်ရာတွင် အဆိုပါလိုင်စင်မဲ့ယာဉ်များကို အသုံးပြုခြင်းကြောင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုလုပ်ငန်းစဉ်များကို ထိခိုက်စေလျက်ရှိ**ကြောင်း၊ ထို့ကြောင့် **တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန်လို**ကြောင်း၊ **ယာဉ်နံပါတ်ပြားများကိုလည်း ပုံစံသစ် လဲလှယ်တပ်ဆင်အသုံးပြုရေး ကြပ်မတ်ရန်လို**ကြောင်း။

အုပ်ချုပ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ခရိုင်များကိုတိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ အဆိုပါတိုးချဲ့ခဲ့သည့် ခရိုင်များရှိ ဌာနဆိုင်ရာများအလိုက် လုပ်ငန်းများအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း။

စိုက်ပျိုးရေး လုပ်ငန်းများအတွက် လုပ်သားရှားပါးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်သားလိုအပ်မှုအနည်းဆုံးဖြင့်ဆောင်ရွက်နိုင်မည့် ခေတ်မီစက်ကိရိယာများကို အသုံးပြုဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းဈေးကွက်လိုအပ်ချက်ရှိသည့်သီးနှံများကို စိုက်ပျိုးကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှထွက်ရှိသည့် သီးနှံထွက်ကုန်များကို ပြည်ပသို့ ကုန်ကြမ်းတင်ပို့ခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်၍ တင်ပို့နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ပြောင်းသီးနှံမှ စားသောက်ကုန်များကိုသာမက တိရစ္ဆာန်အစာများကိုလည်း ထုတ်လုပ်နိုင်သဖြင့် ပြည်တွင်း၌ လိုအပ်ချက်ရှိသကဲ့သို့ ပြည်ပဈေးကွက်ရရှိသဖြင့် ပြောင်းစိုက်ပျိုးမှုကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

**မိမိတို့နိုင်ငံ၏ အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ခုဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို တိုးတက်အောင်ဆောင်ရွက်၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများ ထုတ်ပေးလျက်ရှိ**ကြောင်း၊ အဆိုပါထုတ်ပေးထားသည့် ရင်းနှီးမတည်ငွေများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ဒေသအလိုက် အကျိုးဖြစ်ထွန်းနိုင်မည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ အဆိုပါထုတ်ပေးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများသည် တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်း၏အကျိုးအတွက် ထုတ်ပေးထားခြင်းမဟုတ်ဘဲ အများကောင်းစားရေး၊ တိုင်းပြည်ကောင်းစားရေး အတွက်ဖြစ်ကြောင်း။

အချို့ဒေသများရှိ တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စိုက်ပျိုးရေလိုအပ်ချက်ရှိခြင်းကြောင့် အောင်မြင်အောင်စိုက်ပျိုးရန်အတွက် အခက်အခဲရှိကြောင်း၊ အဆိုပါစိုက်ပျိုးရေလိုအပ်မှုကို အထောက်အကူဖြစ်စေရန်အတွက် ထုတ်ပေးထားသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို အသုံးပြု၍ နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်၍ ဒေသအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

မြို့ရွာများ သန့်ရှင်းသာယာလှပရေးနှင့် မြို့ကွက်များ စနစ်တကျရှိစေရေးအတွက် တာဝန်ရှိသူများအနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ရှိနေသေးကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုများကို ချွေတာရန်လိုကြောင်း၊ အလားတူ **စက်သုံးဆီသုံးစွဲမှုများကို လျှော့ချဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်**ကြောင်း၊ **စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ရန်အတွက် လျှပ်စစ်ကားတင်သွင်းမှုနှင့်ပတ်သက်၍အခွန်ငွေများကိုလျှော့ချပြီး တင်သွင်းခွင့်ပေးထား**ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ချမှတ်ပေးထားသည့် မူဝါဒများနှင့်အညီ လုပ်ငန်းများကိုဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန်ဖြင့် အောင်မြင်မှုရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသအလိုက်ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အတွက် တိုင်းဒေသကြီးတစ်ခုလျှင် ငွေကျပ် ၁၀ ဘီလီယံစီကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွက် တိုင်းဒေသကြီးတစ်ခုလျှင် ငွေကျပ် ရှစ်ဘီလီယံစီကို လည်းကောင်းပေးအပ်ရာ ဝန်ကြီးချုပ်များက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

---

☆ **ကျောဖုံးမှအဆက်**

ထိုသို့လေ့ကျင့်နေမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု စစ်ဆေးကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ စစ်ရေးပြအခမ်းအနားတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးအထူးတပ်ဖွဲ့ဝင်များ၊ တပ်မတော်(ကြည်း) ယန္တရားတပ်ဖွဲ့ဝင်များ၊ တပ်မတော်(ရေ) ယန္တရားတပ်ဖွဲ့ဝင်များနှင့် တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ ပါဝင်ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ်ကမ်းရိုးတန်းဒေသများနှင့် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်တို့ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပြီး ပြန်လည်ရောက်ရှိ





**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဂုဏ်ပြုပေးအပ်ချီးမြှင့်သော လက်ဆောင်ပစ္စည်းများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဗိုလ်ချုပ်ထိန်ဝင်းက တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့ဝင်များထံ ပေးအပ်စဉ်။**

**နေပြည်တော် မတ် ၂၄**

တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသော တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ကျေးရွာများနှင့် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်တို့ရှိ ဒေသခံပြည်သူများကို မတ် ၁ ရက်မှ ၂၂ ရက်ထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄)ရေတပ်ဆိပ်ခံတံတား(သီလဝါ)သို့ ပြန်လည်ရောက်ရှိလာရာ သန်လျင်တပ်နယ်မှ ဗိုလ်ချုပ်ထိန်ဝင်း ဦးဆောင်သော တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် သန်လျင်မြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ချိုချိုလွင်တို့က ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့များသည် ရခိုင်ကမ်းရိုးတန်းဒေသများဖြစ်သော ဂွမြို့၊ သံတွဲမြို့နယ် ကျောက္ကလပ်ကျေးရွာအုပ်စု သပြုချိုင်ကျေးရွာ၊ ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာ၊ မာန်အောင်မြို့နယ်၊ကျောက်ဖြူမြို့နယ်၊စနဲမြို့၊မြောက်ဦးခရိုင် မြေပုံမြို့နယ်၊ စစ်တွေခရိုင် ပေါက်တောမြို့ရှိ ဖြိုင်းတောင်ကျေးရွာအုပ်စု စိုးမဲကျီကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်အနီးတဝိုက်ဒေသများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဆောင်ရွက်ပေးမှုအနေဖြင့် ဆေးကုသမှုဆိုင်ရာရောဂါ ၄၈၁၆ ဦး၊ ခွဲစိတ်ရောဂါ ၈၁၈ ဦး၊ သားဖွားမီးယပ်ရောဂါ ၆၀၉ ဦး၊ ကလေးရောဂါဦးရေ ၇၈၀၊ အရိုးရောဂါ ၂၈၈၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၁၇၉ ဦး၊ မျက်စိရောဂါ ၃၅၀၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၂၃၂ ဦး စုစုပေါင်းဒေသခံပြည်သူ ၁၅၈၂၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် မျက်စိခွဲစိတ်လူနာ ၁၄၂ ဦးနှင့် အထွေထွေခွဲစိတ်လူနာ ဦးရေ ၁၀၀ တို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၆၅ ဦး၊ Ultrasound ရိုက်လူနာ ၁၁၅၈ ဦး၊ဓာတ်ခွဲစမ်းသပ်လူနာ ၃၈၈ ဦးနှင့် ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၁၀၇ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့် ပြန်လည်ရောက်ရှိလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ အထူးကုဆေးအဖွဲ့ဝင်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဂုဏ်ပြုပေးအပ်ချီးမြှင့်သော လက်ဆောင်ပစ္စည်းများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဗိုလ်ချုပ်ထိန်ဝင်းက ပေးအပ်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် ၁၆ ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူစုစုပေါင်း ၁၄၁၉၉၄ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၁၈ ဦးတို့ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှုအပေါ် တာဝန်ရှိသူများ၏ ရင်တွင်းပီတိစကားသံများကို ယခုကဲ့သို့ ကြားသိရတယ်-

"ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့တွေကို သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ဒုက္ခရောက်နေတဲ့ ပြည်သူလူထုထံ အထက်အမိန့်တစ်စုံတစ်ရာ စောင့်ဆိုင်းမှုမလိုဘဲ အမြန်ဆုံးသွားရောက်ပြီး စာနာကူညီပေးဖို့ ရှင်းလင်းစွာ ညွှန်ကြားချက်ပေးခဲ့တဲ့အပြင် ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိဘူး ဆိုတဲ့ ညွှန်ကြားချက်တွေ ညွှန်ကြားပေးခဲ့တဲ့အတွက် ဝေးလံခေါင်ဖျားပြီး သွားလာရခက်ခဲတဲ့ ကမ်းရိုးတန်းတစ်လျှောက်မှာရှိတဲ့ မြို့၊ ရွာများကို ပင်လယ်သွားဆေးကုရေယာဉ်သံလွင်နဲ့လည်းကောင်း၊ မြစ်ဝကျွန်းပေါ်ဒေသများနဲ့ မြစ်ချောင်းတစ်လျှောက်မှာရှိတဲ့ ပြည်သူလူထုအတွက် မြစ်တွင်းသွားဆေးကုရေယာဉ်(ရွှေပုဇွန်)နဲ့ တစ်နှစ်လျှင် နှစ်ကြိမ်မှ သုံးကြိမ် စေလွှတ်ပြီး ဆေးကုသမှုဆောင်ရွက်ပေးလျက်ရှိပါတယ်။ယခုအချိန်ထိ ပင်လယ်သွားဆေးကုရေယာဉ်သံလွင်နဲ့ မြစ်တွင်းသွားဆေးကုရေယာဉ် ရွှေပုဇွန်တို့ဟာ ဆေးကုသမှုခရီးစဉ်စုစုပေါင်း ၃၃ ကြိမ်ထိ သွားရောက်နိုင်ခဲ့ပြီး ဆေးကုသပေးတဲ့ပြည်သူလူထုစုစုပေါင်း ၃၀၆၈၀၁ ဦး၊ကလေးမီးဖွားနိုင်မှု ၄၃ ဦးထိ ကျန်းမာရေးဆိုင်ရာကာကွယ်ကုသမှုဆောင်ရွက်နိုင်ခဲ့ပါတယ်။အခုဆေးကုသမှုခရီးစဉ်ရဲ့ထူးခြားမှုတစ်ခုကတော့ တပ်မတော်ဆေးဝန်ထမ်းညွှန်ကြားမှုရုံးမှ ပါရဂူများ၊ သူနာပြုများပါဝင်တဲ့ နယ်လှည့်ဆေးကုသမှုအဖွဲ့အပြင် ကျန်းမာရေးဦးစီးဌာနက ပါရဂူများ၊ သူနာပြုများပါဝင်တဲ့ဆေးကုသမှုအဖွဲ့ဟာ ဝေးလံခေါင်ဖျားပြီး သွားလာဖို့ခက်ခဲတဲ့ ရခိုင်ပြည်နယ်ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကိုကိုးကျွန်းမြို့နယ်က ဒေသခံပြည်သူလူထုရဲ့ ကျန်းမာရေးကို စောင့်ရှောက်ကုသပေးနိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ပြည်သူအပေါ်ထားရှိတဲ့စိတ်ရင်းစေတနာကောင်းများဖြင့် လမ်းညွှန်မှုများကြောင့် ပြည်သူလူထုအတွက် အဓိကလိုအပ်တဲ့ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုကိုထိထိရောက်ရောက်ကုသပေးနိုင်မှုကြောင့် များစွာ အကျိုးရှိခဲ့ပါတယ်။ ဆေးကုသမှုပေးခဲ့တဲ့နေရာတွေက လူနာများနဲ့ တာဝန်ရှိသူများရဲ့ ရင်တွင်းကလာတဲ့ ကျေးဇူးတင်စကား၊ ဆုတောင်းမေတ္တာစကားသံများကို ကြားတဲ့အခါမှာ ကျွန်တော်တို့ရဲ့ ဆွေမျိုးသားချင်းတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးရသလို ရင်ထဲမှာခံစားရပါတယ်။တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ လမ်းညွှန်ချက်နဲ့အညီ ပင်လယ်သွားဆေးကုရေယာဉ်(သံလွင်)ရဲ့ ၁၆ ကြိမ်မြောက် နယ်လှည့်ဆေးကုသမှုခရီးစဉ်မှာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ ရေတပ်စခန်းဌာနချုပ်နဲ့ တပ်များ၊ ဌာနဆိုင်ရာအသီးသီးမှတာဝန်ရှိသူများ၊ပရဟိတအသင်းအဖွဲ့များက တစ်တပ်တစ်အားပါဝင်ဖြည့်ဆည်းပေးခဲ့တဲ့အတွက် ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကျွန်းများမှာ နေထိုင်တဲ့ မိဘပြည်သူများရဲ့ ကျန်းမာရေးဆိုင်ရာဆေးကုသမှုလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ပေးနိုင်တဲ့အတွက် ပြည်သူ့ဂုဏ်သွယ် ဆိုတဲ့အဓိပ္ပာယ်ကို အောင်မြင်စွာဖော်ဆောင်နိုင်ခဲ့ကြောင်း ပြောကြားလိုပါတယ်"ဟု ပြောသည်။







"ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်များနဲ့ ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်၊ ပါရဂူ၊ သူနာပြုများပါဝင်တဲ့အဖွဲ့များက ပင်လယ်သွားစစ်ရေယာဉ်(သံလွင်)နဲ့ ဆေးကုသမှုလုပ်ငန်းများကို ၁၆ ကြိမ်မြောက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့အခါမှာ ကျွန်တော်တို့ရဲ့အတွေ့အကြုံအရ ပင်လယ်သွားခြင်းဟာ ပထမဆုံးအကြိမ်ဖြစ်တဲ့အတွက် သွားလာမှုများမှာ ခက်ခဲပင်ပန်းကြတယ်လို့ ထင်ခဲ့မိပါတယ်။ တကယ်တကယ် သွားရောက်ကုတဲ့အခါမှာတော့ ပြည်သူတွေရဲ့ ကျန်းမာရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပြည်သူတွေရဲ့တွေ့ကြုံနေရတဲ့ကျန်းမာရေးပြဿနာတွေကို ခေတ်မီစက်ကိရိယာများနဲ့ စနစ်တကျဖော်ထုတ်ဖြေရှင်းပေးနိုင်ခဲ့တာတွေ၊ ပြည်သူတွေကြုံတွေ့နေရတဲ့ မျက်စိဆိုင်ရာပြဿနာတွေအပါအဝင် အောင်မြင်စွာဆောင်ရွက်ပေးနိုင်ခဲ့တာတွေ၊ ပြည်သူတွေရဲ့ ရောဂါအဝဝကို ကျန်းမာရေးဆိုင်ရာပါရဂူများနဲ့ စနစ်တကျဆောင်ရွက်ပေးနိုင်ခဲ့တာတွေ၊ သားဖွားဖို့ ခက်ခဲတဲ့ မိခင်များကို စနစ်တကျအကြံပြုခဲ့ပြီး ခွဲစိတ်မှုတစ်ကြိမ် အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့တာတွေ၊ ဒါ့ပြင် ရောဂါပျောက်ပြီး သူတို့ရဲ့အပြုံးပန်းတွေ၊ သူတို့ရဲ့ဝမ်းသာပီတိဖြစ်မှုတွေ၊ သူတို့ရဲ့ ကျေးဇူးတင်စကားတွေကြုံတွေ့ရတဲ့အခါမှာတော့ ကျွန်တော်တို့ရဲ့ ပင်ပန်းမှုတွေအားလုံးဟာ မြူမှုန်မျှမကျန်အကုန်လုံး ပြေပျောက်သွားခဲ့ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဆေးဝန်ထမ်းတပ်ဖွဲ့များအနေနဲ့ နောင်အခါများလည်း ယခုကဲ့သို့ ခရီးစဉ်များမှာ ဆတက်ထမ်းပိုးတိုးမြှင့်အားဖြည့်ဆောင်ရွက်ဖို့ သန္နိဋ္ဌာန်ချမိပါတယ်။ယခုကဲ့သို့ ခရီးစဉ်များမှာ ပြည်သူလူထုရဲ့ ကျန်းမာရေးဆိုင်ရာဆောင်ရွက်မှုများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့တာကတော့ နိုင်ငံတော်အကြီးအကဲရဲ့လမ်းညွှန်မှုနဲ့ခေတ်မီစက်ကိရိယာပစ္စည်းများ၊ခေတ်မီဆေးရုံသုံးပစ္စည်းများ၊ ခေတ်မီဆေးဝါးများ ဆောင်ရွက်မှုများနဲ့ အုပ်ချုပ်ထောက်ပံ့ဆိုင်ရာ ပြည့်စုံလုံလောက်မှုရှိခြင်းတို့ရဲ့ အထောက်အပံ့များကြောင့် စွမ်းဆောင်နိုင်ခဲ့ပါတယ်"ဟု ပြောသည်။

"ကျွန်တော်ကတော့ ကျန်းမာရေးဝန်ကြီးဌာနမှ တွဲဖက်ပါမောက္ခဖြစ်ပါတယ်။ ယခုဆေးအဖွဲ့နဲ့ လိုက်ပါလာတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့ ဆေးတပ်ဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လိုက်ပါလာရခြင်းဖြစ်ပါတယ်။အခုလိုလိုက်ပါလာတဲ့နေရာမှာ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ရည်မှန်းချက်နှစ်ရပ်ဖြစ်တဲ့ လူတိုင်းသက်တမ်းစေ့ကျန်းမာစွာနေထိုင်ရေးနဲ့ ရောဂါဘယကင်းရှင်းရေးတို့ဖြစ်ပါတယ်။ အဲဒီရည်မှန်းချက်နှစ်ရပ်ကို အကောင်အထည်ဖော်ရာမှာ နည်းနာသုံးရပ်ထဲကတစ်ချက်ဖြစ်တဲ့ ကျေးလက်ဒေသအောက်ခြေထိ ကျန်းမာရေးအသိပညာပေးခြင်းနဲ့ ရောဂါကာကွယ်တားဆီးခြင်းတို့ဖြစ်ပါတယ်။ အဲဒီနေရာမှာ ဝေးလံခေါင်ဖျားဒေသတွေလည်း ပါဝင်ပါတယ်။ ပင်လယ်ပြင်ကို ဖြတ်ကူးပြီးတော့ ဝေးလံခေါင်ဖျားဒေသတွေကို သွားရောက်ရမှာဖြစ်တဲ့အတွက် အလွန်ခက်ခဲမယ်လို့ ထင်မြင်မိသော်လည်း လူနာများကို အားရကျေနပ်စွာကုသပေးနိုင်တယ်။မျက်စိမမြင်ရတဲ့လူနာများကို မျက်စိချက်ချင်းပြန်မြင်လာအောင် မျက်စိဆရာဝန်များက ကုသပေးနိုင်တယ်။ ခေတ်မီစက်ကိရိယာတွေပါတဲ့သင်္ဘောကြီးမှာ လူနာများကို ခေတ်မီစက်ကိရိယာများနဲ့ ကုသပေးနိုင်တဲ့အတွက်ကြောင့် လူနာများချက်ချင်းကောင်းသွားတာ တွေ့ရတဲ့အခါမှာ လူနာများရဲ့ အားရကျေနပ်မှု၊ဝမ်းသာပီတိဖြစ်မှုနဲ့အားကိုးမှုတွေကို တွေ့ရတဲ့အခါမှာ ကျွန်တော်တို့ပင်ပန်းဆင်းရဲမယ်၊ခက်ခဲမယ်ထင်ထားတာအားလုံး ပပျောက်သွားတာတွေ့ရပါတယ်။လူနာများရဲ့ အားကိုးမှု၊ လေးစားမှုနဲ့ ဝမ်းသာပီတိမျက်ရည်များကို တွေ့ရတဲ့အခါမှာ နောက်နှစ်တွေမှာလည်း ဒီသံလွင်သင်္ဘောကြီးနဲ့အတူ ဝေးလံခေါင်ဖျားဒေသတွေမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ ကျန်းမာရေးကိုစောင့်ရှောက်ဖို့ လိုအပ်လာမယ်ဆိုရင် လိုက်ပါမယ်လို့ ကျွန်တော်ဆုံးဖြတ်မိပါတယ်။ ယခုခရီးစဉ်မှာ တန်ဖိုးမဖြတ်နိုင်တဲ့အတွေ့အကြုံတွေများစွာရရှိခဲ့ပါတယ်။ ကျွန်တော်တို့ဟာ ရေတပ်က စစ်သင်္ဘောကြီးနဲ့ လိုက်လာရတဲ့အတွက်ကြောင့် ရေတပ်အရာရှိကြီးများရဲ့ စီမံခန့်ခွဲမှုကို အနီးကပ်လေ့လာခွင့်ရရှိခဲ့ပါတယ်။ နောက်တစ်ခုက တပ်မတော်ဆေးတပ်ဖွဲ့နဲ့အတူ ပူးပေါင်းရတဲ့အတွက် ရင်းနှီးချစ်ခင်မှုအစရှိတဲ့အတွေ့အကြုံတွေရရှိခဲ့ပါတယ်။ နောက်တစ်ခုက ရခိုင်တိုင်းရင်းသားများရဲ့ ဓလေ့စရိုက်၊ ရခိုင်တိုင်းရင်းသားတွေရဲ့ ကျန်းမာရေးအခက်အခဲတွေကိုလည်း နားလည်သိရှိခွင့်ရရှိခဲ့ပါတယ်။ နောက်ဆုံးအနေနဲ့ပြောချင်တာကတော့ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနက လိုက်ပါလာတဲ့ ဆရာဝန်၊ သူနာပြုတွေနဲ့ တပ်မတော်ဆေးအဖွဲ့မှ ဆရာဝန်တွေရဲ့ပူးပေါင်းဆောင်ရွက်မှုကြောင့် ကျွန်တော့်အနေနဲ့ ဝမ်းသာပီတိဖြစ်မိပါတယ်။ ဂုဏ်လည်း ဂုဏ်ယူမိပါတယ်"ဟု ပြောသည်။

# နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၂၄**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော အောက်ဖော်ပြပါ နိုင်ငံရေးပါတီများသည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့လာရောက်လျှောက်ထားခဲ့သည်-

(၁) ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
(၂) နာဂအမျိုးသားပါတီ [Naga National Party (NNP)]
(၃) ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR) PARTY
(၄) "ဝ"အမျိုးသားပါတီ (WA NATIONAL PARTY)
(၅) ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ(DNOP)
(၆) ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS PARTY
(၇) ပြည်သူ့ပါတီ (People's Party)
(၈) မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ
(၉) အမျိုးသမီးပါတီ(မွန်)
(၁၀) မြို့တိုင်းရင်းသားပါတီ
(၁၁) ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Zomi Congress for Democracy Party)
(၁၂) ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ (Danu National Democracy Party)

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ရှစ်ပါတီရှိပြီးနိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၄၄ ပါတီဖြစ်၍ စုစုပေါင်း ၅၂ ပါတီဖြစ်သည်။ ယင်း ၅၂ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီ ၁၂ ပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီ ၄၀ ဖြစ်ပြီး အဆိုပါပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အစိုးရဓမ္မာစရိယစာမေးပွဲ စတုတ္ထနေ့ ကျင်းပ

**နေပြည်တော် မတ် ၂၄**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲစတုတ္ထနေ့ကို ယနေ့၌ နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၇၀ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၃၈၈၀ ပါး၊ ဦးအနက် ၁၁၀၂၆ ပါး၊ ဦးဖြေဆိုကြသဖြင့် ၇၉ ဒသမ ၄၃ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအားဖျက်သိမ်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၄/၂၀၂၃)**
၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်
( ၂၀၂၃ ခုနှစ်၊ မတ်လ ၂၄ ရက် )
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကိုပယ်ဖျက်၍**
**ပါတီအားဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**ကို မှတ်ပုံတင်အမှတ်(၂၇)၊ ၁-၆-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၆၇/၂၀၁၀)ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**က ၂၁-၃-၂၀၂၃ ရက်စွဲပါစာအမှတ်၊ က/၀၀၁(အင်း)ဖြင့် နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ထားခြင်းမှ ဖျက်သိမ်းပေးပါရန် တင်ပြချက်နှင့်စပ်လျဉ်း၍ မတ် ၂၄ ရက်တွင်ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ်(၂/၂၀၂၃)၏ ဆုံးဖြတ်ချက်အရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၉(က)နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှပယ်ဖျက်၍ ပါတီကိုဖျက်သိမ်းရန် အတည်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**ကို မတ် ၂၄ ရက်မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှပယ်ဖျက်၍ ပါတီအားဖျက်သိမ်းလိုက်သည်။

**(ပုံ)သိန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၄)ရပ်ကွက် သုခနေလမ်း ခြံအမှတ် (၄/၄၁၃)တွင် ပါတီရုံးချုပ်တည်ရှိသော **ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(Karen National Democratic Party)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် မတ် ၂၃ ရက်တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)၏ အလံပုံစံ**



**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (Karen National Democratic Party)၏ တံဆိပ်ပုံစံ**




**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မန္တလေးမြို့တွင် ပထမဆုံးလျှပ်စစ်ကားဓာတ်အားသွင်းရုံဖွင့်လှစ်



**မန္တလေး မတ် ၂၄**

Asia Pacific Automaker Corporation (APAC)က တည်ဆောက်ပြီးစီးသည့် လျှပ်စစ်သုံးယာဉ်များအား သွင်းနိုင်သည့် Charging Station ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ သိပ္ပံလမ်းဆင်ဖြူကန်ကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ဖိတ်ကြားထားသည့် ဌာနဆိုင်ရာအကြီးအကဲများ၊ Asia Pacific Automaker Corporation (APAC)မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက လျှပ်စစ်သုံးယာဉ်များအားသွင်းသည့် Charging Stationများ တည်ဆောက်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး Asia Pacific Automaker Corporation(APAC)မှ မန်နေးဂျင်းဒါရိုက်တာ ဦးနောင်နောင်လတ်က အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုများနှင့်အညီ မြန်မာနိုင်ငံအတွင်း လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲအသုံးပြုနိုင်ရေးနှင့် Charging Infrastructureများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ခွင့်ရခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားပြီး လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတန်းအတွင်းဝန် ဦးဝဏ္ဏဇော်နှင့် Asia Pacific Automaker Corporation (APAC)မှ တာဝန်ရှိသူများက APAC EV Charging Station (MDY 01)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်းက APAC EV Charging Station(MDY01) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ EV Charging Station မှ EV လျှပ်စစ်ကားများနှင့် မန္တလေးမြို့တွင်ပြေးဆွဲမည့် City Taxi EV လျှပ်စစ်ကားများ လက်တွေ့မောင်းနှင်ပြသမှုများကို လိုက်လံကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်ခဲ့သည့် APAC EV Charging Station(MDY 01)သည် မန္တလေးမြို့တွင် လျာထားတည်ဆောက်လျက်ရှိသည့် Charging Station ငါးနေရာအနက် ပထမဦးဆုံးတည်ဆောက်ပြီးစီး၍ ဖွင့်လှစ်နိုင်ခဲ့သော Charging Station ဖြစ်ပြီး လျှပ်စစ်သုံးယာဉ် ၁၀ စီးကို တစ်ပြိုင်တည်းအားသွင်းနိုင်မည်ဖြစ်ကြောင်းနှင့် ကျန်ရှိသော EV Charging Station များ တည်ဆောက်နေမှုများသည်လည်း မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ




**နေပြည်တော် မတ် ၂၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Essential Motors Co., Ltd.က တင်သွင်းလာသော BYD Dolphin အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ် ၁၀ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင်လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ဒူဝါဇော်လွန်လမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများက မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ဒူဝါဇော်လွန်လမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မတ် ၂၄**

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ဒူဝါဇော်လွန်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါနေရာ၌ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများတက်ရောက်ကြသည်။

ဦးစွာ မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဒူဝါဇော်လွန်လမ်းအပါအဝင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လမ်းတံတားလုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် (၇၈)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ဒူဝါဇော်လွန်လမ်း ကတ္တရာလမ်းသစ်ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းသစ်အား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ဒူဝါဇော်လွန်လမ်းကတ္တရာလမ်းသစ်သည် အရှည်ပေ ၁၂၃၀၊ အကျယ် ၁၄ ပေရှိပြီး တပ်ကုန်းရပ်ကွက်နှင့် မန်ခိန်ရပ်ကွက်တို့ကိုဆက်သွယ်ထားသည့် လမ်းမကြီးဖြစ်ပြီး အများပြည်သူများ သွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် များစွာ အထောက်အကူဖြစ်စေကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရခိုင်ပြည်နယ် အမ်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့်ကျန်းမာရေးတိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများကို အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

# နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနကဖွင့်လှစ်သော အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲများ ကျင်းပ



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲကျင်းပစဉ်။

**နေပြည်တော် မတ် ၂၄**

နယ်စပ်ဒေသဖွံ့ဖြိုးရေးအစီအစဉ်အရ တိုင်းရင်းသားအမျိုးသမီးငယ်များ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာစေရန်၊ အမျိုးသမီးများ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာများကို တတ်မြောက်ကျွမ်းကျင်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများထူထောင်နိုင်သည်အထိ လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သင်ကြားပေးခဲ့သည့် အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) အိမ်တွင်းမှု အသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာသင်တန်းကျောင်း (လားရှိုး) နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတို့၌ ယနေ့နံနက်ပိုင်းတွင် အသီးသီးပြုလုပ်ရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသူများနှင့် သင်တန်းနည်းပြဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများမှ တာဝန်ခံကျောင်းအုပ်များက သင်တန်းကာလအတွင်း သင်ကြားပို့ချခဲ့သည့် သင်ခန်းစာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးများက အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများအတွက် ထောက်ပံ့ငွေများပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူသည်။

ထို့နောက် သင်တန်းများတွင် ဆုရရှိသူများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ပြီး သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များအား တာဝန်ရှိသူများကပေးအပ်သည်။

ယင်းနောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ခန်းမများအတွင်း ခင်းကျင်းပြသထားသည့် သင်တန်းသူများ၏ အိမ်တွင်းမှုလက်ရာများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါသင်တန်းများကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ယနေ့ထိ ရက်သတ္တ ၂၂ ပတ်ကြာ သင်ကြားပို့ချပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် မတ် ၂၄**

၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင်ကျရောက်မည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင် စုစုပေါင်း ဦးရေ ၅၀ ကျော်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဟန်းသံဃာတော်များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)အသင်းဝင်များ၊ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းစုစုပေါင်း ၁၁၂ ဦးကျော်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် (ယာယီအရေးပေါ်ကုသရေးဆေးရုံ) ကိုဗစ်ကုသရေးစင်တာ၌ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် စေတနာရှင်သွေးအလှူရှင် စုစုပေါင်း ဦးရေ ၄၄၀ ကျော်တို့က အသီးသီး စုပေါင်းသွေးလှူဒါန်းကြသည်။

ဦးစွာ သွေးလှူဒါန်းမည့်သူများသည် ကျန်းမာရေးဆေးစစ်ခြင်း၊ သွေးပေါင်ချိန်စစ်ဆေးခြင်းနှင့် လိုအပ်သည့်စစ်ဆေးမှုများခံယူကြပြီး သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး သွေးအလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများက စုပေါင်းသွေးလှူဒါန်းစဉ်။

# ရန်အောင်၏ အညာသားကလေး

**ပုသိမ်အောင်သန်းဦး**

ဆရာကြီး ဦးရန်အောင်၏ အညာသားကလေး ဝတ္ထုရှည်သည် ၁၉၃၈ ခုနှစ်က တိုးတက်ရေးသတင်းစာတွင် အခန်းဆက်ဖော်ပြခဲ့ပြီး ထိုအချိန်က လူကြိုက်များသည့် ဝတ္ထုရှည်ဖြစ်ကြောင်း သိရှိရပါသည်။

ဝတ္ထုမှာ ဘဝနှင့်အချစ်ကို ပေါင်းစပ်ထားသည့် ဝတ္ထုဖြစ်သည်။ ဝတ္ထုအဓိကဇာတ်ကောင် ငထူးသည် ငယ်စဉ်ကပင် မိဘမဲ့ဖြစ်ခဲ့သဖြင့် ရွာသူကြီး ဦးစံဘက ခေါ်ယူမွေးစားခဲ့ကြောင်း၊ ထို့နောက် မြင်းခြံမြို့မှ ဝန်ထောက်မင်း ဦးထွန်းပေါ်က သူကြီး ဦးစံဘအိမ်သို့ ရောက်ရှိလာကာ ငထူးကိုတွေ့မြင်ပြီး မွေးစားရန် မြင်းခြံသို့ခေါ်ခဲ့သည်။

သို့သော် ဝန်ထောက်မင်း၏ဇနီး ဒေါ်မြင့်မြင့်က ငထူးကိုတွေ့မြင်ပြီး မနှစ်သက်သဖြင့် အိမ်မှမောင်းထုတ်ခဲ့သည်။ ဝန်ထောက်မင်းမှာ ဇနီး၏သြဇာကို မလွန်ဆန်ရဲခဲ့၊ နောက်ဆုံး အိမ်ပေါက်ဝတွင် ငထူးသည် ငိုယိုနေရာ ဝန်ထောက်မင်း၏ ထမင်းချက် ဒေါ်တုတ်က တွေ့ရှိပြီး ခေါ်ယူမွေးစားထားလေသည်။

ထမင်းချက် ဒေါ်တုတ်က ငထူးကိုခေါ်ယူမွေးစားထားကြောင်း ဝန်ထောက်ကတော်ဒေါ်မြင့်မြင့်သိသည်နှင့် ငထူးအား သူ့သားငယ် အတွတ်ကို ထိန်းကျောင်းရန်တာဝန်ပေးသည်။ အတွတ်သည် အလွန်ဆိုးသောကလေးဖြစ်ရာ ငထူးမှာ နေ့စဉ်စိတ်မချမ်းမသာဖြစ်နေခဲ့ရသည်။ ထို့အတူ မွေးစားမိခင် ဒေါ်တုတ်နှင့် ဝန်ထောက်မင်း ဦးထွန်းပေါ်လည်း စိတ်မချမ်းမသာဖြစ်ရသကဲ့သို့ ကြည်ကြည်(ဝန်ထောက်မင်း သမီးကြီး)သည်လည်း စိတ်မချမ်းမသာဖြစ်ခဲ့ရသည်။ ထိုကာလတွင်ပင် ငထူးနှင့်ကြည်ကြည်တို့ ခင်မင်လာကြသည်။

ငထူး စာသင်ချင်မှန်းသိ၍ ကြည်ကြည်က ငထူးကို စာအုပ်များပေးသည်။ ဒရိုင်ဘာ ကိုမြက ငထူးကို စာသင်ပေးသည်။ ဤသို့ဖြင့် ငထူး စာရေးတတ်ဖတ်တတ်လာသည်။ တစ်နေ့ ငထူးနှင့်ကြည်ကြည်တို့ စကားပြောနေကြသည်ကို မင်းကတော် ဒေါ်မြင့်မြင့် မြင်ပြီး ငထူးကို ရိုက်နှက်လေသည်။ ဤသည်ကို ငထူး၏ မွေးစားမိခင် ဒေါ်တုတ်မြင်လေရာ ငထူးဘက်မှ ဝင်ရောက်ခုခံပြောဆိုလေသည်။ ဤသို့ဖြင့် ဒေါ်တုတ်နှင့် ဒေါ်မြင့်မြင့်တို့ စကားများကြရာ ဒေါ်တုတ်တို့ မိသားစုကို အိမ်မှမောင်းထုတ်လိုက်လေသည်။

နောက် ဆယ်နှစ်ခန့်ကြာသောအခါ ကြည်ကြည်သည် ပြည်မြို့သို့ရောက်ရှိနေသည်။ ဖခင်ဝန်ထောက်မင်းနှင့် မိခင် ဒေါ်မြင့်မြင့်တို့နှင့်အတူ မောင်ငယ် အတွတ်လည်း ဆုံးရှုံးကွယ်လွန်သွားပြီဖြစ်၍ တစ်ဦးတည်းအထီးကျန်ဘဝသို့ ရောက်ရှိနေပေသည်။

ကြည်ကြည်ကို တက္ကသိုလ်ဘွဲ့ရ တင်မောင်ဆိုသူက ချစ်ရေးဆိုနေသည့်ကာလဖြစ်သည်။ တစ်နေ့တွင် ကြည်ကြည်သည် သူငယ်ချင်း သိန်းသိန်းကိုခေါ်ကာ ကိုတင်မောင်နှင့်အတူ ကျိုက်ထီးရိုးဘုရားဖူးရန်ထွက်ခဲ့၏။ ကျိုက်ထိုဘူတာတွင် ယာဉ်အငှားမောင်းသူတစ်ဦးကိုတွေ့ရှိရာ ကြည်ကြည်က မြင်ဖူးသလိုရှိသဖြင့် နာမည်မေးကြည့်ရာ ထိုသူက သူ့အမည် ကံညွန့်ဟု လိမ်ညာပြောခဲ့၏။ ကျိုက်ထီးရိုးမှအပြန်တွင် ကြည်ကြည်က အခြားဒရိုင်ဘာများထံစုံစမ်းရာ ငထူး ဖြစ်နေမှန်းသိရသည်။ ကြည်ကြည်သည် ငထူးအိမ်သို့ လိုက်သွားရာ ငထူးမွေးစားမိခင် ဒေါ်တုတ်နှင့်တွေ့ရလေသည်။ ငထူးကို ပြည်မြို့သို့ လိုက်လာရန်မှာကြားပြီး ပြန်သွားလေသည်။

ငထူးလည်း အကြောင်းစုံသိရပြီး ပြည်မြို့သို့လိုက်သွားရန်မှာ သူနှင့်ကြည်ကြည်တို့မှာ အဆင့်အတန်းချင်း ကွာခြားလှသည်ဟု တွေးမိကာ စိတ်ဆင်းရဲနေလေသည်။ ထိုဝေဒနာနှင့်ပင် အိပ်ရာထဲတွင် ဗုန်းဗုန်းလဲတော့သည်။ ကြည်ကြည်မှာလည်း စိတ်ဝေဒနာခံစားသည့်သတင်းကို သတင်းစာတွင်ဖတ်ရသည်။ ထိုအခါမှစပြီး ငထူးစိတ်ဝေဒနာခံစားရပြန်သည်။ ကြည်ကြည်သည် ငထူးရေးသောဝတ္ထုကိုဖတ်ရသည်။ သို့ဖြင့် သူငယ်ချစ်အကြောင်းကို သူသိရသည်။ မဂ္ဂဇင်းတိုက်မှာ စုံစမ်းပြီး ငထူးရှိရာသို့လိုက်လာသည်။ ငထူးနှင့်တွေ့သည်။ ငထူးကိုလည်း သူ့အိမ်သို့လာရန် ဖိတ်ခေါ်သည်။ ငထူး မသွားခဲ့ပေ။

တစ်နေ့ ကြည်ကြည် လူလွတ်အခေါ်ခိုင်း၍ ငထူး ကြည်ကြည်အိမ်သို့လိုက်လာခဲ့သည်။ ကိုတင်မောင်နှင့် စေ့စပ်ရသည့်အကြောင်းကို ရှင်းပြသည်။ ကိုတင်မောင် အနှောင့်အယှက်ပေးလွန်းသဖြင့် စေ့စပ်လိုက်ရကြောင်းနှင့် သူ့စိတ်ထဲ၌မူ ငထူးကိုသာမျှော်လင့်နေကြောင်း ရှင်းပြ၏။

ထို့နောက် တနင်္ဂနွေနေ့ သူသွားရမည့် မင်္ဂလာ

**❖ အညာသားကလေးသည် ဆင်းရဲနုံချာလှသောဘဝမှ အားမာန်ကို လက်ကိုင်ပြုကာ လူ့ဘဝကိုတည်ဆောက်သော လူတစ်ယောက်၏ စပြုအပ်သောတိုက်ပွဲကို ဖော်ပြထားသည့်ဝတ္ထုဖြစ်ပေသည်။ အညာသားကလေးဝတ္ထုကို ၁၉၃၈ ခုနှစ်က တိုးတက်ရေးသတင်းစာတွင် ဖော်ပြပါရှိကာ လူကြိုက်များခဲ့သော်လည်း စာအုပ်အဖြစ်ထွက်ပေါ်လာခဲ့ခြင်းမရှိပေ။ ၁၉၆၂ ခုနှစ်တွင်မှ အသစ်ပြန်လည်ရေးသားခဲ့ပြီး အဆိုပါဝတ္ထုကို ရုပ်ရှင်ရိုက်ခဲ့ရကြောင်း သိရပါသည်။❖**

ရကာ ငထူးထံသို့ သူရှိရာပြည်မြို့သို့လိုက်လာပါရန် အကြောင်းကြားစာပို့၏။ သို့သော် ငထူးမှာ မကျန်းမာသဖြင့် ရုတ်တရက်မသွားနိုင်ခဲ့ပေ။ ငထူး ပြည်သို့ လိုက်သွားသောအခါ ကြည်ကြည် ပြည်မြို့တွင် မရှိတော့ပေ။

ငထူးမှာ စိတ်ပျက်အားလျော့ကာ ကျိုက်ထိုသို့ ပြန်လာခဲ့သည်။ တစ်နေ့ ပြည်မြို့မှ ကျိုက်ထီးရိုးဘုရားဖူးမိန်းကလေးတစ်ဖွဲ့ထံမှ ကြည်ကြည် ရန်ကုန်သို့ ပြောင်းသွားကြောင်း သတင်းရရှိသည်။

ငထူး ရန်ကုန်သို့ပြောင်းခဲ့သည်။ ရန်ကုန်၌ ထမင်းထမ်းရောင်းရင်း ကြည်ကြည်ကိုရှာ၏။ ထမင်းသည်ဘဝမှာ အချိန်အနည်းငယ်အတွင်း စီးပွားရေးတိုးတက်လာ၏။ ကိုယ်တိုင်ထမင်းထမ်းရောင်းရသည့်ဘဝမှ အထမ်းသမားနှစ်ယောက်ငှားသည်။ များမကြာမီ ထမင်းဆိုင်ဖွင့်သည်။ ထိုသို့သော အချိန်အခါမှာပင် သူနှင့်ကြည်ကြည်တို့၏ ငယ်စဉ်အဖြစ်အပျက်များကို ဝတ္ထုတစ်ပုဒ်ရေးလိုက်သည်။

တစ်နေ့ ကြည်ကြည်နှင့် ကိုတင်မောင်တို့ စေ့စပ်ဆောင်တစ်ခု၌ ဝတ်ဆင်ရန် လက်ဝတ်ရတနာများကို ဘဏ်မှထုတ်ပြီးလာပို့ပါရန် အကူအညီတောင်း၏။ ထိုအချိန်မှာပင် ကိုတင်မောင် ရောက်လာသည်။

ကိုတင်မောင်သည် ကြည်ကြည်ကား သူ့ဇနီးဖြစ်ရမည်ဟု အပိုင်တွက်ထားသူဖြစ်သည်။ သို့သော် ငထူးနှင့်ပြန်ဆက်သွယ်မိသောအခါ သူ့အပေါ် ဆက်ဆံရေး လျော့ပါးလာသည်ကိုလည်း ဂရုပြုမိသည်။ သို့ဖြင့် ကိုတင်မောင်သည် ငထူးထံသွားကာ သူနှင့်ကြည်ကြည်တို့နှစ်ဦးကြားတွင် ဝင်မရှုပ်ရန်နှင့်ရှောင်ပေးရန် စကားဆိုလာသည်။ ငထူးကား ကိုတင်မောင်၏အပြောအဆို စိတ်နေစိတ်ထားကို မကြိုက်၊ အိမ်မှမောင်းထုတ်လိုက်လေသည်။

စနေနေ့တွင် ငထူးသည် ကြည်ကြည်အတွက် လက်ဝတ်ရတနာများကို ဘဏ်မှထုတ်ကာယူလာ၏။ ကြည်ကြည်တို့အိမ်ဝတွင် ငထူး သေနတ်ပစ်ခံရသည်။ ငထူးသည် ပစ်သူကို အမိဖမ်းပြီးထွေးလုံးသတ်ပုတ်၏။ ပုလိပ်များရောက်လာသည်။ သည်တော့မှ သူ့ကို သေနတ်နှင့်ပစ်သူမှာ တင်မောင်ဖြစ်ကြောင်း သိရသည်။

တင်မောင်က ငထူးသည် သူ့ကိုသေနတ်နှင့်ပစ်ပြီး လက်ဝတ်ရတနာများလုယူပါသည်ဟု တိုင်ကြား၏။ ငထူးက အဖြစ်မှန်ကိုရှင်းပြသည်။ ထိုအခါ ငထူးနှင့် တင်မောင်ကို ပုလိပ်များက ကြည်ကြည်ရှိရာသို့ ခေါ်ဆောင်ခဲ့၏။ အကြောင်းစုံစမ်း၏။ ကြည်ကြည်က ငထူး ပြောစကားမှန်ကြောင်း ပုလိပ်တို့ကို ပြောပြ၏။ သို့ဖြင့် ငထူးအဖြစ်မှလွတ်ပြီး တင်မောင်အဖမ်းခံရလေသည်။ မကြာမီ ငထူးနှင့်ကြည်ကြည်တို့ လက်ထပ်ပေါင်းသင်းကြလေသတည်း။

ဝတ္ထုဇာတ်လမ်းမှာ ဤမျှသာဖြစ်သည်။

ဆရာမလိခက ဆရာရန်အောင်၏ "အညာသားကလေး"ဝတ္ထုအပေါ် သုံးသပ်ပြရာတွင် ငထူးအမည်ရှိ အညာသားကလေးသည် အထက်တန်းလွှာ မိသားစုအကြားတွင် ဒုက္ခအမျိုးမျိုးကို ရင်ဆိုင်ခဲ့ရပြီးနောက် ထိုဒုက္ခအမျိုးမျိုးကြားမှ ကြိုးစားအားထုတ်မှုကို အရင်းတည်ကာ ဖောက်ထွက်ခဲ့ပုံကို အဓိကထားဖော်ပြထားသည်။ သို့သော် ငထူးကို ဘဝရေးရာ၌ကြံ့ကြံ့ခိုင်ရင်ဆိုင်ထိုးဖောက်နိုင်စွမ်းရှိသလောက် အချစ်ရေး၌မူ အားနည်းပျော့ညံ့လှသော ဇာတ်ဆောင်တစ်ယောက်အဖြစ် ဖော်ပြထားသည်ကိုမူ များစွာအားမရလှပေ။ ဟူ၍ သုံးသပ်ထားပါသည်။

အညာသားကလေးသည် ဆင်းရဲနုံချာလှသောဘဝမှ အားမာန်ကိုလက်ကိုင်ပြုကာ လူ့ဘဝကိုတည်ဆောက်သော လူတစ်ယောက်၏ စပြုအပ်သောတိုက်ပွဲကိုဖော်ပြထားသည့် ဝတ္ထုဖြစ်ပေသည်။

အညာသားကလေးဝတ္ထုကို ၁၉၃၈ ခုနှစ်က တိုးတက်ရေးသတင်းစာတွင် ဖော်ပြပါရှိကာ လူကြိုက်များခဲ့သော်လည်း စာအုပ်အဖြစ်ထွက်ပေါ်လာခဲ့ခြင်း မရှိပေ။ ၁၉၆၂ ခုနှစ်တွင်မှ အသစ်ပြန်လည်ရေးသားခဲ့ပြီး အဆိုပါဝတ္ထုကို ရုပ်ရှင်ရိုက်ခဲ့ရကြောင်း သိရပါသည်။

ဆရာကြီး ဦးရန်အောင်ကို ၁၉၀၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်နေ့တွင် ဆင်ပေါင်ဝဲမြို့၌မွေးဖွားခဲ့ပါသည်။ အဖမှာ ဦးကျား၊ အမိမှာ ဒေါ်မိလေးဖြစ်သည်။ စာပေဝါသနာပါခဲ့ပြီး ဈေးသည်ဘဝမှာပင် စာရေးခဲ့သည်။ အမျိုးသားတက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီး အိုင်အေတန်းထိ ပညာသင်ဖူးသည်။ ဆရာဖြစ်သင်လက်မှတ်ရပြီးနောက် ကျောင်းဆရာဘဝသို့ဝင်ခဲ့သေးသည်။ စာပေလောကတွင်သာ တွယ်တာသဖြင့် စာပေလောကအတွင်း ပြန်လည်ရောက်ရှိလာသည်။

ဆရာကြီး ဦးရန်အောင်သည် ဝတ္ထုတိုစာပေဆုများ နှစ်ကြိမ်ရခဲ့သည်။ ဝတ္ထုရှည် ၅၀ ကျော်နှင့် ဝတ္ထုတိုဆောင်းပါးများစွာရေးသားခဲ့ပြီး ပခုက္ကူ ဦးအုံးဖေ တစ်သက်တာစာပေဆု ရရှိခဲ့သူလည်းဖြစ်သည်။

**ကိုးကား**

**—မလိခ၏ မြန်မာဝတ္ထုအညွှန်း ၁၊၂**

# ဘားအံမြို့နယ် တမံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဘားအံ မတ် ၂၄**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် တမံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို မတ် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သက်သက်မာနှင့် ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ တမံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးအရာရှိ ဒေါ်သက်သက်မာက အတိုးငွေများကို သတ်မှတ်ကာလအတွင်း အချိန်မီပေးသွင်းနိုင်ရေး ဆွေးနွေးမှာကြားသည်။

တမံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အရင်း၊အတိုး စုစုပေါင်းငွေကျပ် ၄၃ ဒသမ ၆၃၆ သန်းရရှိနေပြီး ပဉ္စမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ကိုးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၂၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားကြောင်း ကရင်ပြည်နယ် ကျေးလက် အရာရှိ ဒေါ်သက်သက်မာက ပြောပြ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီး သိရသည်။



**ကိုသက်**

# တနင်္ဂနွေနေ့ညမှာကစားမဲ့ ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်တွေထဲက ကစားသမားစုဖွဲ့မှုသာလွန်နေတဲ့ အင်္ဂလန်နဲ့ ဒိန်းမတ်အသင်းတို့ကို အားပေးရမှာပါ

ML




တနင်္ဂနွေနေ့ညမှာလဲ နိုင်ငံတကာပွဲစဉ်တွေထဲက ယူရို ၂၀၂၄ ခြေစစ်ပွဲတွေရှိနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပွဲစဉ်တွေ ရှိနေအုံးမှာဖြစ်ပါတယ်။ ယူရို ၂၀၂၄ ခြေစစ်ပွဲမှာတော့ ပြိုင်ပွဲဝင်အသင်း ၅၃ သင်းကို အုပ်စု ၁၀ စုခွဲပြီး ငါးသင်းတစ်အုပ်စု၊ ခြောက်သင်းတစ်အုပ်စုနဲ့ ကျင်းပနေတာဖြစ်သလို အုပ်စုတစ်စုမှာ ထိပ်ဆုံးနှစ်သင်းသာ တိုက်ရိုက်ဝင်ခွင့်ရရှိမှာဖြစ်ပါတယ်။ အဲဒီထဲကမှ အုပ်စုအဆင့်က ကျော်ဖြတ်ဖို့ အခွင့်အရေးကောင်းနေတဲ့ အသင်းကြီးတွေနဲ့ ကစားသမားစုဖွဲ့မှုသာလွန်တဲ့အသင်းတွေကိုပဲ အားပေးသွားရမှာဖြစ်ပါတယ်။

## အင်္ဂလန်အသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ အင်္ဂလန်အသင်းနဲ့ ယူကရိန်းအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အင်္ဂလန်အသင်းဟာ ပြီးခဲ့တဲ့ယူရို ၂၀၂၀ ပြိုင်ပွဲမှာတော့ ဗိုလ်လုပွဲစဉ်ထိ တက်ရောက်ခဲ့ပေမဲ့ အီတလီအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ဒုတိယဆုနဲ့သာ ကျေနပ်ခဲ့ရတာကိုတွေ့ရမှာပါ။ ဒါ့ပြင် ပြီးခဲ့တဲ့ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာလဲ ကွာတားအဆင့်ထိတက်ရောက်ခဲ့ပြီး ပြင်သစ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲကထွက်ခွာခဲ့ရတာကို တွေ့ရမှာပါ။ လက်ရှိယူရိုပြိုင်ပွဲသမိုင်းမှာလဲ ၂၀၂၀ ပြည့်နှစ်က ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့တာကလွဲရင် ကျန်နှစ်တွေမှာ အမြင့်ဆုံးဆီမီးဖိုင်နယ်အဆင့်ထိသာ တက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ အင်္ဂလန်အသင်းဟာ နည်းပြဆောက်ဂိတ်လက်ထက်မှာ ကစားပုံထက်မြက်လာတာကြောင့် အဓိကပြိုင်ပွဲတွေမှာ ရလဒ်ကောင်းခဲ့ပေမဲ့ ချန်ပီယံဆုတော့ ရယူနိုင်ခဲ့တာမရှိပါဘူး။ အခုပြိုင်ပွဲမှာတော့ သူတို့အသင်းဟာအုပ်စု (C) မှာ အီတလီ၊ မော်တာ၊ မြောက်မက်ဆီဒိုးနီးယား၊ ယူကရိန်းအသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်နေပြီး အီတလီအသင်းကလွဲရင် ကျန်အသင်းတွေဟာ သာမန်ခြေစွမ်းအဆင့်သာရှိတာကြောင့် ခြေစစ်ပွဲအောင်မြင်ဖို့ရာနှုန်းများနေတာကို တွေ့ရမှာပါ။

နည်းပြဆောက်ဂိတ်ရွေးချယ်ထားတဲ့ ကစားသမား ၂၅ ယောက်စာရင်းမှာတော့ ဂိုးသမားတွေအဖြစ် စပါးအသင်းက ဖရေဆာဖော်စတာ၊ အဲဗာတန်က ပစ်ဖို့ဒ်၊ အာဆင်နယ်က ရမ်ဒေးလ်၊ ခံစစ်ကစားသမားတွေအဖြစ် မန်စီးတီးက ဝေါ်လ်ကာနဲ့ ဂျွန်စတုန်း၊ နယူးကာဆယ်က ထရစ်ပီယာ၊ မန်ယူက လုခ်ရှော နဲ့ မက်ဂွဲယား၊ ချဲလ်ဆီးအသင်းက ဘန်ချီဝဲလ်နဲ့ ရီစီဂျိမ်း၊ စပါးအသင်းက အဲရစ်ဒိုင်ယာ၊ ပဲလေ့စ်ကဂူဟီ၊ ကွင်းလယ်ပိုင်းမှာတော့ လီဗာပူးက ဟန်ဒါဆင်၊ လက်စတာက မက်ဒီဆင်၊ မန်စီးတီးက ကယ်ဗင်ဖီးလစ်၊ ဝက်စ်ဟမ်းအသင်းက ဒီကလန်ရိုက်၊ ချဲလ်ဆီးအသင်းက ဂယ်လာဟာ၊ ဒေါ့မွန်က ဘယ်လင်ဟမ်၊ တိုက်စစ်ပိုင်းမှာတော့ စပါးအသင်းက ဟယ်ရီကိန်း၊ ဘရန့်ဖို့ဒ်အသင်းက တိုနေး၊ မန်စီးတီးက ဂရီလစ်နဲ့ ဖိုဒင်တို့ပါဝင်နေတာကြောင့် လျှင်မြန်မှုအသားပေးကစားတဲ့ ကစားသမားတွေကို ပိုင်ဆိုင်ထားတာကိုတွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ ခြေစွမ်းပိုင်းအားနည်းတဲ့အသင်းတွေဆို အနည်းဆုံး နှစ်ဂိုးသွင်းယူလေ့ရှိတာကို သတိပြုရမှာပါ။ ယူကရိန်းအသင်းဟာ ဥရောပအဆင့်မှာ အလယ်အလတ်အသင်းဖြစ်ပေမဲ့ ကစားပုံမာကျောမှုရှိတာကို တွေ့ရမှာပါ။ လက်ရှိသူတို့အသင်းကိုတော့ နည်းပြသစ် ရီဘန်က ပြီးခဲ့တဲ့ဖေဖော်ဝါရီလက စတင်တာဝန်ယူခဲ့တာကြောင့် အသင်းရဲ့ကစားကွက်ပိုင်းနဲ့ ကစားသမားတွေရဲ့ အားနည်းချက်အားသာချက်တွေကိုတော့ နားလည်ဖို့ အချိန်ယူရအုံးမှာဖြစ်ပါတယ်။ ဒါ့ပြင် အခုပွဲစဉ်ဟာလဲ သူ့အတွက် ပထမဆုံးတာဝန်ယူကြီးကြပ်ရမဲ့ပွဲစဉ်ဖြစ်နေတာကြောင့် လက်ရှိအစုအဖွဲ့နဲ့တော့ အင်္ဂလန်အသင်းကို ယှဉ်ပြိုင်နိုင်ဖို့အတွက် လိုအပ်ချက်တွေရှိနေအုံးမှာပါ။ သူတို့အသင်းကိုတော့ ကလပ်အသင်းတွေမှာ ခြေစွမ်းပြနေတဲ့ ကစားသမားတွေ ရွေးချယ်ထားပေမဲ့ အများစုဟာ ပြည်တွင်းကလပ်အသင်းတွေက ကစားသမားတွေများနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းရဲ့ကစားသမား အစုအဖွဲ့ဟာ အုပ်စု(C)မှာ အင်္ဂလန်၊ အီတလီတို့ပြီးရင် အကောင်းဆုံးဖြစ်ပေမဲ့ အုပ်စုတစ်စုကို နှစ်သင်းသာ ခြေစစ်ပွဲအောင်မှာဖြစ်တာကြောင့် အင်္ဂလန်၊ အီတလီတို့နဲ့တွေ့ရင် အနည်းဆုံးရမှတ်ခွဲယူနိုင်မှသာ နောက်တစ်ဆင့်တက်ရောက်နိုင်မှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ယူရို ၂၀၂၀ မှာတော့ နည်းပြရှက်ချန်ကိုလက်အောက်မှာ ခြေစွမ်းပိုင်းတိုးတက်ခဲ့တာကြောင့် အသင်းသမိုင်းမှာ အမြင့်ဆုံးအဆင့်ဖြစ်တဲ့ ကွာတားဖိုင်နယ်ထိတက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အခုပြိုင်ပွဲမှာတော့ ခြေစွမ်းကောင်းတဲ့အသင်းတွေနဲ့ ကစားရမှာဖြစ်သလို နည်းပြသစ်နဲ့ အံ့ဝင်မှုမရှိသေးတာကြောင့် ရှုံးကန်ရဖို့များပါတယ်။ဒါ့ပြင် အင်္ဂလန်အသင်းဟာ သမိုင်းတစ်လျှောက် ယူကရိန်းအသင်းနဲ့တွေ့ဆုံခဲ့တဲ့ လေးကြိမ်မှာ တစ်ကြိမ်မှရှုံးနိမ့်ခဲ့ခြင်းမရှိဘဲ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ယူရို ၂၀၂၀ ကွာတားဖိုင်နယ်အဆင့်မှာတော့ လေးဂိုးပြတ်နဲ့ အနိုင်ရခဲ့တာလဲဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာအဘက်ဘက်က သာလွန်နေတဲ့ အင်္ဂလန်အသင်းကို ရွေးချယ်ရမှာပါ။

### အင်္ဂလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အင်္ဂလန် | ၆ | - | ၂ | အီရန် |
| အင်္ဂလန် | ၀ | - | ၀ | အမေရိကန် |
| ဝေးလ် | ၀ | - | ၃ | အင်္ဂလန် |
| အင်္ဂလန် | ၃ | - | ၀ | ဆီနီဂေါ |
| အင်္ဂလန် | ၁ | - | ၂ | ပြင်သစ် |

### ယူကရိန်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ယူကရိန်း | ၃ | - | ၀ | အာမေးနီးယား |
| ယူကရိန်း | ၁ | - | ၁ | အိုင်ယာလန် |
| စကော့တလန် | ၃ | - | ၀ | ယူကရိန်း |
| အာမေးနီးယား | ၀ | - | ၅ | ယူကရိန်း |
| ယူကရိန်း | ၀ | - | ၀ | စကော့တလန် |

## ဒိန်းမတ်အသင်း အနိုင်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ ကာဇက်စတန်နဲ့ ဒိန်းမတ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ သမိုင်းတစ်လျှောက်မှာ နှစ်ကြိမ်တွေ့ဆုံခဲ့ဖူးပြီး အဲဒီနှစ်ကြိမ်စလုံးမှာလဲ ဒိန်းမတ်အသင်းက ဂိုးပြတ်နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ကာဇက်စတန်အသင်းဟာ လက်ရှိယူရိုပြိုင်ပွဲခြေစစ်ပွဲအုပ်စု ( H ) မှာ ဆလိုဗေးနီးယား၊ ဒိန်းမတ်၊ ဖင်လန်၊ မြောက်အိုင်ယာလန်၊ ဆန်မာရီနိုတို့နဲ့ကျရောက်နေပြီး သူတို့အသင်းဟာ ကစားသမားစုဖွဲ့မှု အားနည်းတဲ့အသင်းတွေထဲမှာ ပါဝင်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံငါးပွဲမှာလဲ တစ်ပွဲသာအနိုင်ရခဲ့ပြီး ခံစစ်ပိုင်းက ပွဲတိုင်းပေးဂိုးရှိခဲ့တာလဲဖြစ်ပါတယ်။ သူတို့အနိုင်ရခဲ့တာကလဲ ခြေစွမ်းပိုင်းအားနည်းတဲ့ ဘယ်လာရုစ်အသင်းဖြစ်တာကို တွေ့ရမှာပါ။ ကာဇက်စတန်အသင်းဟာ အဖွင့်ပွဲစဉ်မှာလဲ ဆလိုဗေးနီးယားအသင်းကို အိမ်ကွင်းမှာ နှစ်ဂိုးတစ်ဂိုးနဲ့ရှုံးခဲ့ပြီး အဲဒီပွဲစဉ်မှာ သူတို့အသင်းက ဦးဆောင်ဂိုးသွင်းယူနိုင်ပေမဲ့ ဒုတိယပိုင်းအရောက်မှာ ခံစစ်ပိုင်းအမှားများခဲ့တာကြောင့် ဆလိုဗေးနီးယားရဲ့တိုက်စစ်ဆင်မှုတွေကိုသာခံခဲ့ရပြီး နှစ်ဂိုးခွင့်ပြုလိုက်ရလို့ ရှုံးပွဲကြုံခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းမှာတော့ ဥရောပကလပ်အသင်းတွေမှာ ခြေစွမ်းပြနေတဲ့ကစားသမားနည်းပါးသလို ပြည်တွင်းကလပ်နဲ့ အခြားကလပ်အသင်းငယ်တွေက ကစားသမားတွေနဲ့သာ စုဖွဲ့ထားရတာကြောင့် အတွေ့အကြုံကောင်းတဲ့ အသင်းတွေနဲ့ဆို နိုင်ပွဲရဖို့ ရုန်းကန်နေရတာကို သတိပြုရမှာပါ။ လက်ရှိကမ္ဘာ့အဆင့် (၁၈) မှာရပ်တည်နေတဲ့ ဒိန်းမတ်အသင်းက ဥရောပရဲ့ထိပ်သီးအသင်းကြီးတွေမှာ ပါဝင်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံငါးပွဲမှာတော့ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုးငါးဂိုးနဲ့ အားနည်းချက်ရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြဟာဂျူးလန်းလက်ထက်မှာ အသင်းလိုက်ကစားအားကောင်းမွန်နေပေမဲ့ တိုက်စစ်ပိုင်းမှာတော့ ခြေစွမ်းပြကစားမှုတွေမရှိတာကြောင့် ဂိုးရဖို့ရုန်းကန်နေရတာဖြစ်ပါတယ်။

အခုချိန်မှာတော့ ဒိန်းမတ်အသင်းဟာ တိုက်စစ်ပိုင်းအပြောင်းအလဲပြုလုပ်လာတာဖြစ်ပြီး အတ္တလန်တာအသင်းမှာ ခြေစွမ်းပြနေတဲ့ တိုက်စစ်မှူး ဟိုးဂျလန်းကို ရွေးချယ်ခဲ့တာကိုတွေ့ရမှာပါ။ နည်းပြဟာဂျူးလန်း ရွေးချယ်ထားတဲ့ ကစားသမားတွေကတော့ ဂိုးသမားများအဖြစ် နိုက်အသင်းက ကက်စပါရှမိုက်ကယ်၊ ယူနီယံဘာလင်က ရိုနောင်း၊ ဘရွန်းဘိုင်က ဟာမန်ဆန်၊ ခံစစ်ပိုင်းမှာတော့ အေစီမီလန်က ကေဂျာ၊ ထရာဗွန်စပေါ်က လာဆန်၊ ဘာစီလိုနာက ခရစ်စတန်ဆန်၊ ပဲလေ့စ်က အန်ဒါဆန်၊ လိဒ်အသင်းက ရမ်းမက်စ်၊ ဘင်ဖီကာက ဘက်ဟ်၊ အတ္တလန်တာက မာဟယ်လီ၊ ဂါလာတာစာရေးက နယ်လ်ဆင်၊ ကိုပင်ဟေဂင်က ဂျီလက်၊ ကွင်းလယ်ပိုင်းမှာတော့ ဘရန့်ဖို့ဒ် နော်ဂတ်နဲ့ ဂျန်ဆန်၊ စပါးကဟော့ဂျက်၊ ဘုန်းမောက်က ဘီလ်လင်း၊ လက်ချီက ဟာဂျူးမန်း၊ ဖရန့်ဖတ်က လင်စတုန်း၊ တိုက်စစ်ပိုင်းမှာတော့ ဘာစီလိုနာက ဘရိုန်းဝိတ်၊ မိန့်ဇ်အသင်းက အင်ဗာဆန်၊ အန်ဒါလက်က ဒရီယာ၊ ဘရန့်ဖို့ဒ်က ဒမ်းဂေါ့တ်၊ ဝုဖ်ဘတ်က ဝင်းဒ်၊ ကိုပင်ဟေဂင်က ဒါရာမီ၊ အတ္တလန်တာအသင်းက ဟိုးဂျလန်းတို့နဲ့ စုဖွဲ့ထားတာဖြစ်ပါတယ်။ ဒီကစားသမားအစုအဖွဲ့ဟာအုပ်စု (H)မှာ အတောင့်တင်းဆုံးဖြစ်နေတာကြောင့် ဒိန်းမတ်အသင်းအနေနဲ့ နောက်တစ်ဆင့်တက်ရောက်ဖို့ အခွင့်အရေးကောင်းနေတာလဲဖြစ်ပါတယ်။

သူတို့အသင်းဟာ ယူရိုပြိုင်ပွဲသမိုင်းမှာတော့ ၁၉၉၂ ခုနှစ်မှာ ချန်ပီယံတစ်ကြိမ်ဖြစ်ခဲ့ပြီး ၁၉၆၄ ခုနှစ်၊ ၁၉၈၄ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်မှာ ဆီမီးဖိုင်နယ်အဆင့်၊ ၂၀၀၄ ခုနှစ်မှာ ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ ၁၉၆၀၊ ၁၉၈၆၊ ၁၉၇၂၊ ၁၉၇၆၊ ၂၀၀၈၊ ၂၀၁၆ ခုနှစ်တွေမှာ ခြေစစ်ပွဲမအောင်ခဲ့ပေမဲ့ ကျန်ခုနှစ်တွေမှာတော့ အမြဲတမ်းခြေစစ်ပွဲ အောင်မြင်ခဲ့တာကို တွေ့ရမှာပါ။ ဒိန်းမတ်အသင်းဟာ ကာဇက်စတန် အသင်းနဲ့စာရင် ကစားသမားစုဖွဲ့မှု၊ ယူရိုပြိုင်ပွဲအတွေ့အကြုံရင့်ကျက်မှုတွေရှိနေတဲ့အသင်းဖြစ်တာကြောင့် အခုပွဲစဉ်မှာလဲ ဗိအားမရှိဘဲ နိုင်ပွဲရှာနိုင်မှာဖြစ်ပါတယ်။ အထူးသဖြင့် ဒိန်းမတ်အသင်းဟာ အားနည်းချက်ရှိနေတဲ့ တိုက်စစ်ပိုင်းကို ပြန်လည်ပြင်ဆင်ထားတာကြောင့် သူတို့အသင်းရဲ့ကစားပုံဟာအရင်ကထက် တိုးတက်မှုရှိလာကို တွေ့ရမှာပါ။ ဒါကြောင့် ထိပ်တိုက်တွေ့ဆုံမှုနဲ့ ခြေစွမ်းပိုင်းမှာသာလွန်နေတဲ့ ဒိန်းမတ်အသင်းပဲ အနိုင်ရမှာပါ။

### ကာဇက်စတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ကာဇက်စတန် | ၂ | - | ၁ | ဘယ်လာရုစ် |
| အာဇာဘိုင်ချန် | ၃ | - | ၀ | ကာဇက်စတန် |
| ဥဇဘက်ကစ္စတန် | ၂ | - | ၀ | ကာဇက်စတန် |
| ယူအေအီး | ၂ | - | ၁ | ကာဇက်စတန် |
| ကာဇက်စတန် | ၁ | - | ၂ | ဆလိုဗေးနီးယား |

### ဒိန်းမတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ခရိုအေးရှား | ၂ | - | ၁ | ဒိန်းမတ် |
| ဒိန်းမတ် | ၂ | - | ၀ | ပြင်သစ် |
| ဒိန်းမတ် | ၀ | - | ၀ | တူနီးရှား |
| ပြင်သစ် | ၂ | - | ၁ | ဒိန်းမတ် |
| ဩစတြေးလျ | ၁ | - | ၀ | ဒိန်းမတ် |

# မြန်မာနှင့် တရုတ်နိုင်ငံ ချုံချင့်ဒေသတို့ကြား လျှပ်စစ်သုံးယာဉ်ထုတ်လုပ်ခြင်း၊ စက်မှုလယ်ယာ ပစ္စည်းထုတ်လုပ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားမည်



လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်။

**ရန်ကုန် မတ် ၂၄**

မြန်မာနှင့် တရုတ်နိုင်ငံ ချုံချင့်ဒေသတို့ကြား လျှပ်စစ်သုံးယာဉ် ထုတ်လုပ်ခြင်းလုပ်ငန်း၊ စက်မှုလယ်ယာပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကဏ္ဍများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပြောပြ၍ သိရသည်။

မြန်မာနှင့် တရုတ်နိုင်ငံ ချုံချင့်ဒေသတို့ကြား ချုံချင့်ဒေသရှိ တရုတ်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တရုတ်နိုင်ငံ၊ ချုံချင့်ဒေသနှင့် မြန်မာနိုင်ငံကြား လေကြောင်းလိုင်းပြေးဆွဲရန် အပါအဝင် စီးပွားရေးကဏ္ဍ လေးရပ်ကို ပူးပေါင်းဆောင်ရွက်ရန် မတ် ၂၃ ရက်က ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ဆွေးနွေးခဲ့ကြပြီး အဆိုပါကဏ္ဍများသည် မြန်မာနိုင်ငံတွင် လိုအပ်နေသည့် ကဏ္ဍများဖြစ်နေရာ မြန်မာနိုင်ငံအတွက် အလေးထားရင်းနှီးမြှုပ်နှံစေလိုသည့် ကဏ္ဍများလည်းဖြစ်ကြောင်း သိရသည်။

"ဆွေးနွေးချက်တွေအရ တရုတ်နိုင်ငံ ချုံချင့်ဒေသက စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ အထူးသဖြင့် New Energy Vehicle နဲ့ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံလိုတယ်ဆိုတာရယ်၊ နောက်ပြီးတော့ မြန်မာနဲ့ တရုတ်နိုင်ငံ ချုံချင့်ဒေသကြားမှာ လေကြောင်းပြေးဆွဲမှုနဲ့ ခရီးသွားလုပ်ငန်းကဏ္ဍမှ ပူးပေါင်းဆောင်ရွက်မှုဆိုတာရယ်၊ လျှပ်စစ်သုံးယာဉ်တွေထုတ်လုပ်မှု၊ တင်ပို့မှုကဏ္ဍ၊ စက်မှုလယ်ယာပစ္စည်းတွေကို ထုတ်လုပ်တင်ပို့မဲ့အပိုင်းရယ်၊ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍဆိုတဲ့ကဏ္ဍလေးရပ်မှာ ပိုပိုပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့ရှိပါတယ်"ဟု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပြောပြသည်။

ထိုသို့ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြား ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖော်ဆောင်လာနိုင်ရန် ဆောင်ရွက်မှုများရှိနေသည့်အတွက် မြန်မာနိုင်ငံဘက်ကလည်း နိုင်ငံ့စီးပွားရေးတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# မြောက်ဦးမြို့နယ် အရက်သည်မကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြောက်ဦး မတ် ၂၄**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာတွင်းလမ်းများ ရေရှည်ပိုမိုကောင်းမွန်ခိုင်ခံ့စေရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် အရက်သည်မကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်း ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မတ် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောနှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အရက်သည်မကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်း ခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောက ကွန်ကရစ်ဘီးလမ်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တန်ပိုယာဉ်များ ဖြတ်သန်းသွားလာခြင်းကို စနစ်တကျစိစစ်ပေးရန်နှင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းရန် မှာကြားသည်။

အရက်သည်မကျေးရွာ၌ အရှည် ပေ ၁၀၀၀၊ အကျယ် နှစ်ပေ ခြောက်လက်မ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၀ စုစုပေါင်းငွေကျပ် သိန်း ၁၂၀ ဖြင့် မြောက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာများပံ့ပိုးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၁၇၂ အိမ်၊ လူ ၈၇၄ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေမည်ဖြစ်ကြောင်း မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောက ပြောပြ၍ သိရသည်။

**ကိုသန်း**

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၂၀ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၀ | ၂၁၇၀ | ၂၁၉၅ | ၂၁၈၀ | ၂၁၅၅ | ၂၂၅၅ | ၂၂၇၀ | ၂၁၆၀ | ၂၁၇၀ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၀ | ၂၄၄၀ | ၂၈၁၀ |
| 95 Ron | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၈၅ | ၂၂၇၀ | ၂၂၅၀ | ၂၃၄၅ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၀ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၅ | ၂၅၃၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၇၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၁၀ | ၂၂၃၀ | ၂၂၂၅ | ၂၁၁၅ | ၂၁၂၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၉၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၅၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၉၀ | ၂၃၁၀ | ၂၃၀၅ | ၂၁၉၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၄၇၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၅၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၉၀ | ၂၃၁၀ | ၂၃၀၅ | ၂၁၉၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၄၇၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၁၄ | ၂၀၈၈ |
| 95 Ron | ၂၁၀၄ | ၂၁၈၀ |
| HSD (500 ppm) | ၁၉၇၃ | ၂၀၄၁ |
| HSD (50 ppm) | ၂၀၄၆ | ၂၁၁၇ |
| HSD (10 ppm) | ၂၀၄၆ | ၂၁၁၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

အာရေဗီးကားကော်ဖီစေ့စစ်စစ်ကိုသာအသုံးပြုထားကြောင်း အာမခံပါသည်။

ပြင်ဦးလွင်

# နန်းမြိုင်ကော်ဖီ




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# STARMART MANDALAY Wholesale

အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင်
ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို
ဓိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄





## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၉/၂၃)၊ အကွက်အမည် ပန်းတောကွင်း၊ ဦးပိုင်အမှတ် (၃၈-ခ)၊ ဧရိယာ (၀. ၁၄၆)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ၃၉
(ခ) အနောက်လားသော် - ၃၈-က
(ဂ) တောင်လားသော် - ၄၃
(ဃ) မြောက်လားသော် - လမ်း

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးကျော်မင်း၊ဦးမျိုးချစ်၊ဒေါ်ခင်ညွန့်ဝေ၊ ဒေါ်နွယ်နွယ်အေး၊ဦးမျိုးသန့်** တို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၃ခုနှစ်၊ ဧပြီလ (၂၁)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ပန်းပဲတန်းမြို့နယ်၊ No.73, 2nd Floor နေ ဦးမောင်လေး ပိုင်ဆိုင်သော တယ်လီဖုန်းအမှတ် ၀၂-၄၀၂၃၂၉၈ ၏ စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ မြန်မာ့ဆက်သွယ်ရေးရုံးတွင် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိုးဝင်း(၉/မနမ(နိုင်)၀၀၀၀၃၈)**
**၂၃လမ်း၊ ၈၂×၈၃ ကြား၊ ၀၉-၂၀၂၃၀၂၉**

### ပျောက်ဆုံးကြောင်း

ပုဗ္ဗသီရိမြို့နယ်နေ စိုးငြိမ်းဦး (ဘ) ဦးမြလွင် (၁၄/ပပတ(နိုင်)၂၁၈၀၈၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၇၉၂၈၆၄၅၈၁

### ပျောက်ဆုံးကြောင်း

ဟသ္သာတမြို့နေ ပြည့်ဖြိုးအောင် (ဘ) ဦးဇော်နိုင် (၁၄/ဟသတ(နိုင်)၁၅၀၈၀၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၆၇၅၄၆၆၄၅၈

### ပျောက်ဆုံးကြောင်း

ဟသ္သာတမြို့နေ အေးမင်း (ဘ) ဦးအောင်မင်း (၁၄/ဟသတ(နိုင်)၂၉၇၆၀၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၆၆၈၅၉၄၈၅၃

### ပျောက်ဆုံးကြောင်း

ဟသ္သာတမြို့နေ စိုးမင်းအောင်(ဘ) ဦးမောင်မောင် (၁၄/ဟသတ(နိုင်)၃၄၂၄၃၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၆၇၄၈၅၇၃၆၁

### ပျောက်ဆုံးကြောင်း

ဟသ္သာတမြို့နေ မာမာစိုး (ဘ) ဦးတင်ထွန်း (၁၄/ဟသတ(နိုင်)၃၅၁၀၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၆၆၉၄၅၆၈၆၃

### ပျောက်ဆုံးကြောင်း

ဓနုဖြူမြို့နေ ဇေပိုင်ရှိန် (ဘ) ဦးအောင်သူ (၁၄/ဓနဖ(နိုင်)၀၈၈၀၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၄၂၂၄၄၅၆၈၃

### ပျောက်ဆုံးကြောင်း

မြစ်သားမြို့နယ်နေ ဦးကျော်ကျော် (ဘ) ဦးဖိုးတုတ်ကြီး (၉/မသန(နိုင်)၁၀၆၉၅၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၄၀၂၆၃၅၇၅၁

### ပျောက်ဆုံးကြောင်း

ငွေဆောင်မြို့နေ နော်ထီးဒို (ဘ) စောအိစက် (၁၄/ငဆန(နိုင်)၀၀၁၃၈၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
၀၉-၂၅၆၁၁၅၂၄၃

# ဒေါ်မြတ်နွယ်
# အသက် (၇၈)နှစ်

ကွယ်လွန်သူ ဦးတင်မောင် (ညွှန်ကြားရေးမှူးချုပ်၊ ပင်စင် ဦးစီးဌာန (ငြိမ်း))၏ဇနီး၊ မောင်မျိုးသက်တင်၊ မောင်ဘုန်းသက်တင်၊ မစန္ဒီတင်မောင် တို့၏ချစ်လှစွာသောမိခင်၊ မြေး(၂)ယောက်၏ ဘွားဘွားကြီး **ဒေါ်မြတ်နွယ် အသက် (၇၈)နှစ်** သည် (၂၃-၃-၂၀၂၃)၊ ညနေ (၆း၄၃)နာရီတွင် ဆေးတက္ကသိုလ်-မန္တလေး ပါမောက္ခချုပ် နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် (၂၅-၃-၂၀၂၃) နံနက်ပိုင်းတွင် အေးရိပ်ငြိမ် သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**




**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ် လူသစ် ဘဝသစ်**

**ဗလငါးတန် ဖွံ့ဖြိုးဖို့**
**စာအုပ် စာပေ ဖတ်ကြစို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မိမိတို့နိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သည် အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်၊ ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို စောင့်ရှောက်ရန် အဓိကတာဝန်ရှိ...

❖ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်အတွက် အသက်ခန္ဓာသဖွယ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပါတီစုံဒီမိုကရေစီစနစ်ကို ယိမ်းယိုင်ပျက်စီးအောင် ပြုလုပ်လာသည့်အပြုအမူမှန်သမျှကို ဥပဒေနှင့်အညီ ကာကွယ်တားဆီးခြင်းသည် သမိုင်းပေးတာဝန်ထမ်းဆောင်ခြင်းသာဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်၏ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၂.၁၂.၂၀၂၂**

# (၇၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင်ကျရောက်မည့် (၇၈)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မတ် ၂၄**

၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြ စစ်ကြောင်းကြီးများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ရေးပြကွင်း၌ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။

စစ်ရေးပြလေ့ကျင့်မှုတွင် အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းများ ပါဝင်ပြီး စုရပ်ဖြစ်သည့်သစ်တပ်ကွင်းမှ စစ်ရေးပြကွင်းသို့ တပ်မတော်စစ်တီးဝိုင်းအဖွဲ့များ၏ တီးခတ်မှုနှင့်အတူ စစ်ချီသီချင်းများသီဆို၍ ညီညာစွာချီတက်ကြပြီး စစ်ရေးပြအခမ်းအနားအစီအစဉ်အတိုင်း လေ့ကျင့်ဆောင်ရွက်ကြသည်။


စာမျက်နှာ ၁၉ ကော်လံ ၁ ☆

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la







Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar